မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်၊
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၆)

အရိယ သစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော
သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

ဒေးဒရဲမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်တွင် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ပေးအပ်

ပေးအပ်ပွဲတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်း၊ ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဟံ၊ ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်နှင့်အဖွဲ့တို့က ဒေးဒရဲမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများဖြစ်သော လှေ ၁၄၄ စင်း၊ မြင်းကောင်ရေ ၆ ဒသမ ၅ ရှိ အင်ဂျင်နှင့် အထိုင်အစုံ ၁၅၀၊ လှော်တက်အချောင်း ၂၀၀၊ ကျားပိုက်နှင့် ဆက်စပ်ပစ္စည်းအစုံ ၂၅ ဖုံ၊ ဘဝင်းပိုက် ၁၇ ဖုံ၊ ငါးသလောက် ပိုက် အဖုံ ၄၅၀၊ သုံးထပ်ပိုက် အဖုံ ၁၀၇၀ ၊ ကွင်းတားပိုက် မီတာ ၄၀၀ အဖုံ ၂၀၀၊ ကွင်းတားပိုက် မီတာ ၂၀၀ အဖုံ ၄၀၀၊ ပိုက်ကွန် ၃၁၂ လက်၊ ရင်တွန်းပိုက် အလက် ၃၀၀၊ ဘောသီး ၉၀၀ တို့ကို ရေလုပ်သားများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး
တောင်သာမြို့နယ် ရုံးတောကျေးရွာတံတားဖွင့်
ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၆

တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

အမွှေးနံ့သာရည် ပက်ဖျန်းပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားဖွင့်ပွဲတွင် မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (စက်မှု-၁)

ဧရာဝတီတိုင်းတွင် မိုးစပါးကေ ၂ ဒသမ ၂ သန်း စိုက်ပျိုးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၆

ဧရာဝတီတိုင်းတွင် ဇူလိုင် ၁၅ ရက်အထိ မိုးစပါးဧက ၂ ဒသမ ၂ သန်းစိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းသင့် ဒေသများအတွက် လက်တွန်းထွန်စက် သုံးစီးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

မုန်တိုင်းသင့်ဒေသများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင်ဦးလှိုင်ဟိန်း (ZBT Co., Ltd.) က ငွေကျပ် ၈သိန်း တန်ဖိုးရှိ ကူဘိုတာလက်တွန်းထွန်စက်နှင့် ပစ္စည်းအစုံသုံးစီးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ တစ်ဆင့် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

နိုကီရာ လက်ကိုင်ဖုန်းသစ် ထုတ်လုပ်

နည်းပညာသိပ္ပံ စာ-၅

ဓမ္မစကြာအခါတော်နေ့

ဦးကျော်စိန်(မန္တလေး)၏ ဆောင်းပါး စာ-၈

ရော်နယ်ဒင်ဟို အေစီမီလန်ရောက်ပြီ

ပြည်ပအားကစား စာ-၁၁

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၁၇ ရက်)

ထူးမြတ်သောလမြတ်ဝါဆိုတွင် ကုသိုလ်ပွားများ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်

ဝါဆိုလသည် မြန်မာ့ ၁၂လရာသီတွင် စတုတ္ထမြောက် လရာသီဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဘဝဖြစ်စဉ်တွင် ဝါဆိုလပြည့်နေ့သည် ထူးခြားလေးနက်သော အဓိပ္ပာယ်ကိုဆောင်လျက် ရှိသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဃဋီကာရဗြဟ္မာလှူဒါန်းသော ကြာသင်္ကန်းကိုဝတ်ရုံတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂ လရာသီရှိသည့်အနက် ဝါဆိုလသည် ကရကဋ်ရာသီဖြစ်သည်။ မြန်မာပညာရှိများအဆိုအရ ဝါဆိုလသည် နွေဥတုတွင်တစ်ဝက်ပါ၍ မိုးဥတု၌တစ်ဝက်ပါသည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလအတွက် စတင်ဝါဆိုတော်မူကြသောလဖြစ်သဖြင့် ဝါဆိုလဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဝါဆိုလပြည့်နေ့၏ထူးခြားသောဝိသေသမှာ ဘုရားလောင်း သန္ဓေယူသောနေ့၊ တောထွက်တော်မူသောနေ့၊ ရှင်တော်မြတ်ဘုရားသည် သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူ၍ မယ်တော်နတ်သားအမှူးပြုသော နတ်သိကြား ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသောနေ့ ဖြစ်ခြင်းကြောင့်ဖြစ်သည်။

ရဟန်းသံဃာတော်များသည် ဝါတွင်းသုံးလကာလ၌ တစ်ကျောင်းတည်းသတ်မှတ်၍ သီတင်းသုံးတော်မူကြရသည်။ မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးပြုပြီး ထူးမြတ်သောကာလအဖြစ် သတ်မှတ်ကြသည်။ ရဟန်းသံဃာတော်များကို ဝါဆိုသင်္ကန်းကပ်လှူကြသည်။ ဝါတွင်းသုံးလပတ် ဥပုသ်သီလဆောက်တည်ခြင်း၊ သက်သတ်လွတ်စားခြင်း ကုသိုလ်ကောင်းမှုပြုကြသည်။

ဤသို့ထူးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်သည့် ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ကုသိုလ်ကောင်းမှုများကို ပွားများကြပြီး မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၈)ရပ်ကွက် သီဟလမ်း အမှတ် (၃၃)နေ ဒေါ်နုနုရီ(ဆောက်လုပ်ရေး) အားရည်စူး၍ ခင်ပွန်း ဦးစောထွေး၊ ဦးသန်းလွင် (ခေတ္တစင်ကာပူ)၊ သမီး ဒေါ်ခင်စောလှိုင်(လက်ထောက်မော်ကွန်းထိန်း၊ တောင်ကြီးတက္ကသိုလ်)၊ သား ဦးအောင်စောထွေး (စက်ရုံမှူး အမှတ်-၃ ပလတ်စတစ်စက်ရုံ စက်မှု-၁)၊ ဒေါ်ကြည်ကြည်ဝင်းနှင့် မြေးနှစ်ဦးတို့က အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။ (အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၁၃)
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၈၅)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၁၀)

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ ဝါတွင်းအရုဏ်ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူကြမည်

ရန်ကုန် ဇူလိုင် ၁၆

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌ ဝါတွင်းသုံးလ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက်၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာဇေယျုံကျောင်းတိုက်၊ သီရိမင်္ဂလာကျောင်းတိုက်၊ မြဓမ္မာရုံကျောင်းတိုက်၊ ကာလကတ္တားကျောင်းတိုက်နှင့် ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက်တို့မှ သံဃာတော်အပါး ၁၆၀ကျော်တို့အား ဥပုသ်နေ့တိုင်း ပျားရည်ကုန်းရပ်ကွက် ပြည်သူများ စုပေါင်း၍ အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြမည်ဖြစ်သည်။

တစ်ဦးချင်း မတည်လှူဒါန်းလိုပါက ဆွမ်းနှင့် ဆွမ်းဟင်းများကို မိမိတို့ လှူဒါန်းလိုသည့် ဥပုသ်နေ့ကို ဖော်ပြပြီး အောင်ဓမ္မာရုံ ဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၂၉၃၁၅၀ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး မိမိတို့လှူဒါန်းမည့် နေ့ရက်များ၌ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ အောင်ဓမ္မာရုံ ဆွမ်းလောင်းလှူမည့် စုရပ်မှလောင်းလှူနိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင်၁၁ရက်က ကျင်းပသော အထက (၄) မင်္ဂလာတောင်ညွန့်၏ မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မောင်မင်းစည်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ဈေးကွက်အရ ဝယ်လိုအားများသည့်တာယာများ ဦးစားပေး ပြည်ပနိုင်ငံနှင့်ယှဉ်နိုင်သည့် အရည်အသွေးကောင်းတာယာများ ထုတ်လုပ်

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မွန်ပြည်နယ်ရှိစက်ရုံများ စစ်ဆေးမှာကြား

နေပြည်တော် ဇူလိုင် ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇူလိုင်၁၂ရက်က မွန်ပြည်နယ် ဘီးလင်းမြို့ရှိ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဖွန်းနှင့် စီမံကိန်းတည်ဆောက်ရေးတာဝန်ခံ ဦးကျော်ညွန့်တို့က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက စီမံကိန်းတည်ဆောက်မှုကို လျာထားချက်အချိန်ဇယားထက်စော၍ ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းတာယာများထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်အရ ဝယ်လိုအားများသည့် တာယာများကို ဦးစားပေးထုတ်လုပ်ရန်နှင့် ထုတ်လုပ်သည့် တာယာများ ပြည်ပနိုင်ငံမှ ထုတ်သောတာယာများနှင့် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးကောင်းမွန်သော တာယာများ ထုတ်ရန် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဝန်ကြီးသည် ညနေပိုင်းတွင် သထုံမြို့နယ်ရှိ မရမ်းတောင်ရော်ဘာခြံနှင့် ကျိုက်ထိုမြို့နယ်ရှိမရမ်းကုန်းရော်ဘာခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာပင်များအား ဂရုတစိုက်ပြုစုရန်၊ အစေးလှီးရာတွင် စနစ်တကျဆောင်ရွက်ရန်၊ လျာထားချက်ထက် ပိုမိုထွက်ရှိရေးကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၁၆

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ နဝမအကြိမ်မြောက် ဝါးခယ်မနွယ်ဖွား သံဃာတော်၁၂ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၉ရက်(စနေနေ့) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သားများ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒေါ်သိန်းဟန် ဖုန်း-၀၉-၉၉-၇၃၇၃၁၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကံမြင့်(ငြိမ်း) ဖုန်း-၅၈၁၀၈၂၊ ဆရာဦးအောင်သန်း ဖုန်း-၃၈၇၃၄၂၊ အတွင်းရေးမှူး ဗိုလ်မှူးဖေသိန်း(ငြိမ်း) ဖုန်း-၀၉-၅၀-၁၂၆၈၀၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၅၁-၆၆၁၆၄၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူ ဖုန်း-၀၉-၅၀-၅၆၉၇၀၊ တွဲဖက်စာရင်းစစ် ဦးသက်ဆွေ ဖုန်း-၇၀၉၆၀၄၊ အမှုဆောင် ဗိုလ်မှူးသန်းဌွေး(ငြိမ်း) ဖုန်း-၀၉-၅၁-၃၇၁၉၂နှင့် ဒေါ်ခင်ဆွေရီ ဖုန်း-၃၉၄၂၆၈၊ အသင်းတိုက် ဖုန်း-၂၂၆၅၉၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း)ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ပြည်မြို့ မှုတ်ရှည်ကျေးရွာအုပ်စု ဓမ္မောဒယဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်း ၂၇ ကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကြံခင်းမြို့ မျောက်ချောကုန်း ပရဟိတကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပရဟိတကျောင်း၌ ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင်ကျောင်းအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများထံသို့ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့သို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ မြို့ရွှေကျောင်းတိုက်၌ ကျင်းပသော မြန်အောင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များက တာဝန်ရှိသူများထံ စာရေးကိရိယာများကို လှူဒါန်းကြသည်။

ဂုဏ်ပြုချီးမြှင့်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် မြန်အောင် အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသော ပညာရည်ချွန်ဆုနှင်းသဘင်နှင့် စာရေးကိရိယာများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနား မစတင်မီ ဗဟိုအလုပ်အမှုဆောင်က မိုးရာသီ သစ်ပင်စိုက်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို ကျောင်းဝင်းအတွင်း အမှတ်တရ စိုက်ပျိုးပေးသည်။ (ဝဲပုံ) ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက မြန်အောင်မြို့နယ် ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြကာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်အောင်မြို့မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၈ဦးတို့အား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် မြန်အောင်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်း တစ်ကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ရုံးတောကျေးရွာ တံတားကို တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဌွေးအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းနှင့် တာဝန်ရှိသူများက မော်ကွန်းကျောက်စာကို နံ့သာရည်များ ပက်ဖျန်းပေးကြပြီး တံတားသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရုံးတောကျေးရွာ တံတားကို ကျေးရွာပြည်သူများက ငွေကျပ် သိန်း ၇၀နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ငွေကျပ် သိန်း ၁၁၀ တန်ဖိုးရှိ ပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးကာ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အကုန်အကျခံ၍ တည်ဆောက်ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ဝိုင်းဝန်းကြိုးပမ်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ် ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဒေသခံပြည်သူများ၏ အမျိုးသားအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲ ၁၂နာရီခွဲတွင် အမှတ်(၁) မြန်မာ့အထည်အလိပ်လုပ်ငန်းစွပ်ကျယ်စက်ရုံ(တောင်သာ) စက်ရုံခန်းမဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဝန်ထမ်းအသီးသီးတို့သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ခေတ်မီစက်ယန္တရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရေး အထူးကြိုးစားကြရန်၊ နိုင်ငံတော်အစိုးရအပေါ် သစ္စာစောင့်သိကြရန်၊ ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒနှင့်ညွှန်ကြားချက်ကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်အောင် တာဝန်ရှိသူအဆင့်ဆင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရန် မှာကြားသည်။

လိုက်နာဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် မြင်းခြံမြို့ မဏ္ဍာကမ္ဘာခန်းမ၌ မြင်းခြံခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ထုတ်ပြန်ထားသော မူဝါဒနှင့် လမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနှစ်သာရ အစစ်အမှန်

အကာဖြစ်သော ကာမဂုဏ် ကိလေသာ မကောင်းမှု ဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ် ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသုခ အနှစ်သာရ အစစ်အမှန်ရပေလိမ့်မည်။

(ဓမ္မပဒ - ၁၂)

ပြည်နယ်နှင့်တိုင်းအသက်(၁၉)နှစ်အောက် လူသစ်တန်း ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့် တိုင်း အသက်(၁၉)နှစ်အောက် လူသစ်တန်း ဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေညောင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များ ဇူလိုင် ၁၄ ရက်တွင် ပြီးဆုံးသွား၍ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိသွားသည့်အသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။

အုပ်စုပွဲများ

တောင်ကြီးမြို့တွင် ကျင်းပသည့် အုပ်စု(က)တွင် ရှမ်း/တောင်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ၇မှတ်ဖြင့် အုပ်စုပထမ၊ ကရင်ပြည်နယ်က တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ၅မှတ်ဖြင့် အုပ်စုဒုတိယ၊ ရွှေညောင်မြို့တွင် ကျင်းပသည့်အုပ်စု(ခ)တွင် ရှမ်း/ မြောက်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ၇မှတ်ဖြင့် အုပ်စုပထမ၊ စစ်ကိုင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ၅မှတ်ဖြင့် အုပ်စုဒုတိယ၊ လွိုင်ကော်မြို့တွင် ကျင်းပသည့်အုပ်စု(ဂ)တွင် ကယားပြည်နယ်က သုံးပွဲနိုင် ၉မှတ်ဖြင့် အုပ်စု ပထမ၊ ပဲခူးတိုင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ၆မှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု(ဃ)တွင် ဧရာဝတီတိုင်းက နှစ်ပွဲနိုင်၊ တစ်ပွဲ သရေ ၇မှတ်ဖြင့် အုပ်စု ပထမ၊ တနင်္သာရီတိုင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယတို့ ရရှိကြသည်။

ယှဉ်ပြိုင်ကစားမည်

ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ဇူလိုင် ၁၇ရက်တွင် ရှမ်း/တောင်နှင့် ပဲခူး၊ ၁၈ရက်တွင် ရှမ်း/မြောက်နှင့်တနင်္သာရီ၊ ၂၀ရက်တွင် ကယားနှင့်ကရင်၊ ၂၁ ရက်တွင် ဧရာဝတီနှင့်စစ်ကိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဇူလိုင် ၂၂၊ ၂၃ရက်၊ တတိယလုပွဲကို ဇူလိုင် ၂၅ရက်၊ ဗိုလ်လုပွဲ ပွဲစဉ်ကို ဇူလိုင် ၂၆ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်အားလုံးကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဓမ္မစကြာပါဠိတော်နှင့်အနက်** တရားတော် (အောင်စကြာ အရှင်စန္ဒာသိရီ)
၈း၁၅-၂း၁၅	နိဗ္ဗာန်ဆီသို့... အမေးအဖြေများ
၈း၃၀-၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅	ပြည်တွင်းအနုပညာရေးရာ
၉း၀၀-၃း၀၀	ပဋ္ဌိပတ္တိအကျော်အမော် မိုးကုတ်ဆရာတော်
၉း၃၅-၃း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅-၃း၄၅	ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း
၁၀း၁၅-၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀-၄း၂၀	Cartoon Show Time (Meet the Robinsons)
၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ကုသစောင့်ရှောက်မနေး ပြည်သူအများ ကျန်းမာရေး (မော်လမြိုင်တိုင်းရင်းဆေးရုံ)
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမျိုးသူနှင့် တွေ့ဆုံခြင်း)
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၁၂း၄၀-၆း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇူလိုင်၁၄ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဆိုင်းဘုတ်တင်ပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် ၉၀၂ ပင်လုံလမ်း (၃၄)ရပ်ကွက်၌ကျင်းပရာ မြို့နယ်ဂီတအစည်းအရုံး ကော်မတီ ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဦးမျိုးမြင့်လေး၊ ဂီတာ ဦးဖေဝင်း နှင့် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးအေးသန်း (မလိခ) တို့က ဖွင့်လှစ်ပေးအပြီး တွေ့ရစဉ်။ (မြို့နယ်ပြန်/ဆက်)

အီရန်ကိုတိုက်ခိုက်ရေး အမေရိကန်ခြေကုပ်စခန်းအဖြစ် အာဖဂန်နစ္စတန်လက်မခံဟု သမ္မတကာဇိုင်း ပြောကြား

ကဘူးလ် ဇူလိုင် ၁၆

အိမ်နီးချင်း အီရန်နိုင်ငံအား တိုက်ခိုက်နိုင်ရေးအတွက် မိမိပိုင်နက်နယ်မြေကို အမေရိကန်က ခြေကုပ်စခန်းအဖြစ် အသုံးချလာလျှင် အာဖဂန်နစ္စတန်က ဆန့်ကျင်ကြောင်း သမ္မတဟာမစ်ကာဇိုင်းက ဇူလိုင်၁၄ရက်၌ ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်။

ခြိမ်းခြောက်

အီရန်နိုင်ငံကို တိုက်ခိုက်လျှင် ၎င်းနိုင်ငံက အစ္စရေးနိုင်ငံနှင့်ဒေသတွင်းရှိ အမေရိကန်စစ်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု ခြိမ်းခြောက်လျက်ရှိသည်။မိမိတို့ အာဖဂန်နစ္စတန်အစိုးရအနေဖြင့် အင်အားကြီးနိုင်ငံများအကြား ချိန်ခွင်လျှာညီမျှရေးကို အမြဲကြိုးပမ်းလျက်ရှိကြောင်း သမ္မတ ကာဇိုင်းက ပြောကြားသည်။

လျစ်လျူရှု

မည်သည့်နိုင်ငံနှင့် သဘောထားကွဲလွဲသည်ဖြစ်စေ မိမိတို့နိုင်ငံကို စစ်မြေပြင် အဖြစ်မခံနိုင်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။ ထိုအတောအတွင်း စစ်ဆင်ရေးများ၌ အလုပ်သမားများထိခိုက်သေဆုံးမှု ရှောင်ရှားရန်အကြိမ်ကြိမ်တောင်းဆိုမှုကို နိုင်ငံခြားတပ်ဖွဲ့ဝင်များက လျစ်လျူရှုခြင်းမပြုရန် သမ္မတကာဇိုင်းက သတိပေးလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

တောမီးလောင်

ဂရိနိုင်ငံ အေသင်မြို့ အနောက်မြောက်ပိုင်းရှိ အင်ဝိုင်း ကျေးရွာ၌ တောမီးလောင်သဖြင့် ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သမ္မတလောင်း အိုဘားမား ပါလက်စတိုင်း၊ အစ္စရေး ခေါင်းဆောင်များနှင့် တွေ့ဆုံမည်

ဝါရှင်တန် ဇူလိုင် ၁၆

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားသည် ဤလကုန်ပိုင်းတွင် အနောက်ဘက်ကမ်းသို့ လာရောက်မည်ဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ထိုခရီးစဉ်အတွင်း အိုဘားမားသည် ပါလက်စတိုင်းခေါင်းဆောင်များ၊ အစ္စရေးခေါင်းဆောင်များနှင့်တွေ့ဆုံရန် စီစဉ်ထားသည်။ ထို့ပြင် ဂျော်ဒန်နိုင်ငံသို့ပါ သွားရောက်မည်ဟု မျှော်လင့်ရသည်ဆိုသည်။

ပထမဆုံးခရီး

ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် သေချာပြီးနောက် ပင်လယ်ရပ်ခြားသို့ ပထမဆုံးခရီးထွက်မည့် ထိုခရီးစဉ်အတွင်းတွင် အိုဘားမားသည် ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သို့လည်း သွားရောက်မည်ဟု ဆိုသည်။

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းမှာမူ မတ်လအတွင်းကပင် အစ္စရေးနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့သည်။ သို့သော် ထိုဒေသသို့ရောက်သည့်တိုင် ပါလက်စတိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်မရခဲ့ပေ။

အစ္စရေးနိုင်ငံ၏လုံခြုံရေးမှာ အရေးပါလွန်းသဖြင့် အထိမခံကြောင်း၊ တကယ့်လုံခြုံရေးမှာ အရှေ့အလယ်ပိုင်းဒေသ ထာဝစဉ်ငြိမ်းချမ်းမှုမှ ရရှိနိုင်ကြောင်း အိုဘားမားက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၁၆

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၁၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀ ̊C	မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၅ ̊C	မိုးရွာ
ဂျပန်	တိုကျို	၃၀ ̊C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၂၉ ̊C	မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၃ ̊C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅ ̊C	မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃ ̊C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၁ ̊C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၁ ̊C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆ ̊C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၆ ̊C	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၈ ̊C	သာယာ

(အင်တာနက်)

အီရန်နှင့် ရုရှား စွမ်းအင်ကဏ္ဍပူးပေါင်းမည်

တီဟီရန် ဇူလိုင် ၁၆

အီရန်နှင့် ရုရှားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး ပူးပေါင်းလုပ်ကိုင်သွားမည် ဖြစ်ကြောင်း သဘောတူလက်မှတ် ရေးထိုးခဲ့သည်ဟု အိုင်ရာနာသတင်းဌာနက ဇူလိုင် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ရင်းနှီးမြှုပ်နှံ

အီရန်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် အီရန်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့လုပ်ငန်းတစ်ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားမည်ဖြစ်သည်။

ကတိပြု

ထိုသို့ လုပ်ကိုင်ရာတွင် အီရန်နိုင်ငံ၏ မြောက်အဇာဒီဂွန်နှင့် ရုရှား၏ရေနံကုမ္ပဏီတစ်ခု ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အချို့လောင်စာဆီများကို ရုရှားမှ ဆက်လက်ဖြည့်ဆည်းပေးရန်အတွက် ကတိပြုခဲ့ကြသည်။

အီရန်သမ္မတကလည်း ရုရှားနိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အကျိုးရှိစွာ အသုံးချထားပြီဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၆-၇-၂၀၀၈

အိုလံပစ်အကြို လေ့ကျင့်ရန် နိုင်ဂျီးရီးယားအဖွဲ့ထွက်ခွာ

လေဂို့စ် ဇူလိုင် ၁၆

၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲသို့ သွားရောက်ပါဝင်ယှဉ်ပြိုင်ရေးအတွက် နိုင်ဂျီးရီးယားနိုင်ငံမှ ဘောလုံးလက်ရွေးစင် အားကစားသမား ၂၆ဦးအား အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ရာ ၎င်းအဖွဲ့ဝင်များသည် ဇူလိုင်၁၅ရက်က တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပလေ့ကျင့်ရေးခရီးစဉ်အဖြစ် ခြေစမ်းပွဲ သွားရောက် လေ့ကျင့်မည်ဖြစ်သည်။

အီရန်၏ ရေနံထုတ်လုပ်မှု ကမ္ဘာ့စတုတ္ထအဆင့်ရှိ

တီဟီရန် ဇူလိုင် ၁၆

အီရန်နိုင်ငံ အနောက်တောင်ပိုင်း ကူဇက်စတန်ပြည်နယ်ရှိ ရေနံတွင်းသစ်မှ ရေနံစည်ပေါင်း ၁ဒသမ၁ ဘီလီယံနှင့် ရေနံစိမ်းစည်ပေါင်း ၂၃၃သန်းထွက်ရှိကြောင်း၊ ၎င်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံထုတ်လုပ်နိုင်မှု စတုတ္ထအဆင့်၌ရှိပြီး အိုပက်အဖွဲ့ဝင်နိုင်ငံများတွင် ဒုတိယအဆင့်၌ရှိကြောင်း အီရန်စွမ်းအင်ဝန်ကြီးဌာနမှ ဇူလိုင်၁၄ရက်က သတင်းထုတ်ပြန်သည်။

ဟောင်ကောင်လေဆိပ်၌ မူးယစ်မှောင်ခိုများဖမ်းမိ

ဟောင်ကောင် ဇူလိုင် ၁၆

ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇူလိုင် ၁၅ရက်က အမေရိကန်ဒေါ်လာ ၁ဒသမ၄သန်းတန်ဖိုးရှိ ကိုကင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးမိခဲ့ကြောင်း၊ နိုင်ငံစုံမှ မူးယစ်မှောင်ခိုကူးသန်းရောင်းဝယ်မှုများပြုလုပ်ရာ၌ ဟောင်ကောင်မှတစ်ဆင့် သယ်ယူပို့ဆောင်လျက်ရှိရာ မူးယစ်မှောင်ခိုသမားများဖြစ်သည့် ဟောင်ကောင်ဒေသခံတစ်ဦးနှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့အား အာဏာပိုင်အဖွဲ့က ဖမ်းဆီးခဲ့သည်။

သေနတ်သမားပစ်ခတ်မှု ရုရှားရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

မော်စကို ဇူလိုင် ၁၆

ရုရှားနိုင်ငံတောင်ပိုင်း ကပ်ကက်ဆက်တောင်ကြားအနီး ကာရာဘိုင်နိုဒေသ၌ ဇူလိုင်၁၅ရက်က သိပ္ပံနည်းပညာသုတေသနပြု အဆောက်အအုံရှိ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို သေနတ်သမားတို့က ပစ်ခတ်သဖြင့် တိုက်ခိုက်မှုဖြစ်ပွားရာ သေနတ်သမားနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း၊ ယခုလအတွင်း ယင်းဒေသ၌ ဒုတိယအကြိမ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အင်တာဖက်သတင်းဌာနက ပြောကြားသည်။

ဗီယက်နမ်၌ ဝက်များတွင် နမိုးနီးယားဖြစ်ပွား

ဟနွိုင်း ဇူလိုင် ၁၆

ဗီယက်နမ်နိုင်ငံ၏ ဘင်ရှ်ဒင်ပြည်နယ်နှင့် ပြုယန်ပြည်နယ်များရှိ ဝက်အကောင်ရေ ၈၀ကျော်၌ ဖျားနာရောဂါများဖြစ်ပွားလျက်ရှိရာ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးမှုဌာနမှ စစ်ဆေးချက်အရ နမိုးနီးယားရောဂါ လက္ခဏာဖြစ်သည်ဟုယူဆကာ ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိသည်။

ဖူကျင့်ပြည်နယ်၌ ကုန်တင်ကားနှစ်စီးတိုက်မိ

ဖူကျို့ ဇူလိုင် ၁၆

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်၌ ဇူလိုင် ၁၅ရက်က ကုန်တင်ကားနှစ်စီးတိုက်မိရာ ခြောက်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများကို ပြည်နယ်ဆေးရုံသို့ အရေးပေါ် ပို့ဆောင်ပေးခဲ့ရပြီး ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များစစ်ဆေးလျက်ရှိသည်။

အီရတ် ဘာကူဘာမြို့၌ ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘာကူဘာမြို့၌ ဇူလိုင်၁၅ရက်က ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင် ၂၀ သေဆုံးပြီး အခြား ၆၅ ဦး ဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများကို အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့မှ စောင့်ကြပ်ကာ ပြည်နယ်ဆေးရုံသို့ပို့ဆောင်ပေးသည်။ ၎င်းပြည်နယ်သည် အစွန်းရောက်သမားများ၊ ရိုးယိုက်နှင့် ဆွန်နီတို့၏ အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးဖြစ်ပွားရာ ဒေသဖြစ်သည်။

အာဖဂန်တောင်ပိုင်း၌ အသေခံကားဗုံးဖောက်ခွဲ

ကဘူးလ် ဇူလိုင် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဉရုဂန်ပြည်နယ်၌ အာဖဂန်ရဲတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းအနီးတွင် ဇူလိုင် ၁၄ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၂၅ဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများတွင် အရပ်သား ၂၀နှင့် ရဲတပ်ဖွဲ့ဝင်ငါးဦး ပါဝင်သည်။

အီလက်ထရွန်နစ် အရောင်းပြခန်း

အိန္ဒိယ နိုင်ငံ နယူးဒေလီ မြို့ရှိ အီလက် ထရွန်နစ် အရောင်း ပြခန်း တစ်ခု၏ အတွင်း တစ်နေရာ၌ ရုပ်မြင်သံကြား ပြစက်များကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

17-7 (04).pmd 1 7/18/2008, 2:04 AM

ပြင်သစ်နှင့်ဆီးရီးယား နှစ်နိုင်ငံသမ္မတနှစ်ဦး ထိပ်သီးညီလာခံမတိုင်မီ တွေ့ဆုံဆွေးနွေး

ပါရီ ဇူလိုင် ၁၆

ဥရောပသမဂ္ဂ(အီးယူ)နှင့် မြေထဲပင်လယ်ထိပ်သီးညီလာခံမကျင်းပမီ ဆီးရီးယားသမ္မတအာဆတ်နှင့် ပြင်သစ်သမ္မတ ဆာကိုဇီတို့ ဇူလိုင် ၁၅ရက်က တွေ့ဆုံဆွေးနွေးခြင်းသည် အနောက်အုပ်စုနှင့် ဆီးရီးယားနိုင်ငံ ရှစ်နှစ်ကြာအဆက်ပြတ်မှုကို အဆုံးသတ်လိုက်ခြင်းဖြစ်ပြီး ဆီးရီးယားအနေဖြင့် အစ္စရေးနှင့်မျက်နှာချင်းဆိုင် ဆွေးနွေးရန်ဆန္ဒရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်။

ဆွေးနွေးမှုစတင်

ဆီးရီးယားသမ္မတအာဆတ်က အိမ်နီးချင်းလက်ဘနွန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးဆုံးဖြတ်ထားမှုကိုလည်း ပြင်သစ် သမ္မတ ဆာကိုဇီက ကြိုဆိုကြောင်း တွေ့ဆုံအပြီး ထုတ်ပြန်သည့် ပြင်သစ်-ဆီးရီးယား ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။ ၁၉၆၇ ခုနှစ်က အစ္စရေးတို့သိမ်းပိုက်လိုက်သည့် ဂိုလန်ကုန်းမြင့်ပြန်ရရေး တူရကီနိုင်ငံ၏ ကြားဝင်ပေးမှုဖြင့် ဆီးရီးယားက အစ္စရေးနှင့် သွယ်ဝိုက် ဆွေးနွေးမှုများ စတင်ခဲ့သည်။

ပြင်သစ်နှင့်ဆီးရီးယား နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ထူထောင်ရန် ပြင်သစ်သမ္မတဆာကိုဇီသည် ဆီးရီးယားနိုင်ငံသို့ စက်တင်ဘာလလယ်တွင် သွားရောက်လည်ပတ်မည်ဟုလည်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြသည်။ ၂၀၀၅ခုနှစ်၌ လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဟာရီရီ လုပ်ကြံခံရပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

ဒါကြောင့်ပါ....

အကြိတ်အနယ် ယှဉ်ပြိုင်ကစားရသည့် ဗိုလ်လုပွဲကို ကြီးကြပ်ခဲ့ရသည့် ဒိုင်လူကြီးအား ဘောလုံးပွဲအပြီးတွင် သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းလေသည်။

သတင်းထောက် ။ ။ ဒီနေ့ပွဲက အကြိတ်အနယ်ရှိပြီး ပွဲကောင်းတစ်ပွဲလို့ ထင်ပါသလား။

ဒိုင်လူကြီး ။ ။ စိတ်လှုပ်ရှားစရာကောင်းတဲ့ ပွဲပါပဲ။

သတင်းထောက် ။ ။ ဒီပွဲမှာ နှစ်ဖက်ကစားသမားတွေ ကစားပုံနည်းနည်းကြမ်းတယ်နော်...

ဒိုင်လူကြီး ။ ။ အနိုင်ရလိုစိတ်နဲ့မို့ပါ။

သတင်းထောက် ။ ။ ဒီလောက်ပွဲကြမ်းနေပေမယ့် အဝါကတ်၊ အနီကတ်တွေ ထုတ်မသုံးခဲ့ဘူးနော်...အဲဒါဘာဖြစ်လို့ပါလဲ...

ဒိုင်လူကြီး ။ ။ နှစ်ကတ်စလုံး အိမ်မှာမေ့ကျန်ခဲ့လို့ပါ။

သတင်းထောက် ။ ။ ''ဗျာ''

အင်တာနက် ကျန်းမာရေး

ပြုံးရွှင်ရယ်မောနေတတ်သူများ စိတ်နှင့်ပတ်သက်သော ရောဂါမဖြစ်ပွားနိုင်

အိမ်ထောင်ပြုခြင်း၊ သားသမီးရယူခြင်းနှင့် လူမှုရေး၊ စီးပွားရေးပြဿနာ အခက်အခဲများ ကြုံတွေ့ရခြင်းတို့နှင့် ရင်ဆိုင်ရသည့်အခါ ပြုံးရွှင်စွာနေထိုင် ဖြေရှင်းနိုင်သူများမှာ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သူများဖြစ်ကြောင်း ဂျာမန် သုတေသနပညာရှင်များက ဇူလိုင် ၁၅ရက်၌ ပြောကြားသည်။

အားပေး

ပြုံးရွှင်စွာနေထိုင်ခြင်းသည် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများတွင် သွေးလည်ပတ်မှုကို အားပေးစေသည့်အပြင် သွေးကြောပိတ်ဆို့မှုများအား မဖြစ်ပွားစေကြောင်း၊ စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးအတွက် အထောက်အကူပြုစေကြောင်း ဂျာမန်သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

လန်းဆန်းတက်ကြွ

ပြုံးရွှင်နေချိန်၌ ခန္ဓာကိုယ်တစ်ခုလုံးတွင်ရှိသော အာရုံခံနာ့ဗ်ကြောများသည် စဉ်ဆက်မပြတ်လှုပ်ခါနေပြီး လန်းဆန်းတက်ကြွစိတ်ကို ဖြစ်ပေါ်စေသည်ဟုဆိုသည်။

ရောဂါဖြစ်ပွားမှုနည်းပါး

အသက်၁၈နှစ်မှ ၆၀အကြား လူများကို ငါးနှစ်ခန့်သုတေသနပြုခဲ့ရာ ပြုံးရွှင်စွာနေထိုင်သူများသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ရောဂါများဖြစ်ပွားမှု နည်းပါးကြကြောင်း တွေ့ရှိရသည်ဟု ဂျာမန် သုတေသနပညာရှင် ဒေါက်တာ ဂျော့ဂီးလက်စ်က ပြောကြားသည်။

အမေရိကန် ဩဇာလွှမ်းမိုးနိုင်သည့်သဘောတူညီမှု အိန္ဒိယကွန်မြူနစ်များ ဆန့်ကျင်ကန့်ကွက်

နယူးဒေလီ ဇူလိုင် ၁၆

အငြင်းပွားဖွယ် အိန္ဒိယ-အမေရိကန် နျူကလီးယား သဘောတူညီမှုနှင့်ပတ်သက်၍ အိန္ဒိယလက်ဝဲပါတီများက နျူကလီးယား ကန့်ကွက်ဆန္ဒပြမှုများ ဇူလိုင် ၁၅ရက်က ပြုလုပ်ကြသည်။

အိန္ဒိယနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရေး ထိုသဘောတူညီမှုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အစိုးရက ဆုံးဖြတ်ခြင်းကို ကန့်ကွက်သည့်အနေဖြင့် ပါလီမန်တွင် အစိုးရအပေါ် ထောက်ခံမှုကို ကွန်မြူနစ်တို့က ရုပ်သိမ်းလိုက်သည်။

ကြိုးပမ်းရမည်

ယခုအခါ အိန္ဒိယညွန့်ပေါင်းအစိုးရမှာ လူနည်းစုဖြစ်သွားပြီဖြစ်၍ ဇူလိုင် ၂၂ရက်တွင် အယုံအကြည်ရှိကြောင်းအဆိုကို ထောက်ခံမှုရအောင်ကြိုးပမ်းရမည်ဖြစ်သည်။ မအောင်မြင်လျှင် ရွေးကောက်ပွဲစောကျင်းပရတော့မည်။

မိမိတို့နိုင်ငံရင်ဆိုင်နေရသည့် စီးပွားရေးအကျပ်အတည်းကို မဖြေရှင်းဘဲ အစိုးရက အမေရိကန်နှင့် နျူကလီးယားသဘောတူညီမှုကို အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ ဤအစိုးရကို မိမိတို့ မထောက်ခံနိုင်ကြောင်း၊ အမေရိကန်ဩဇာလွှမ်းမိုးလာနိုင်ကြောင်း ထိပ်တန်းကွန်မြူနစ်ခေါင်းဆောင် ပရာကပ်ကာရက်က လူထုအစည်းအဝေး၌ ပြောကြားလိုက်သည်။ **(အင်တာနက်)**

သူတို့ အတွေးနှင့် အမြင်

Cunning is the ape of wisdom.

အကောက်ဉာဏ်သည် အတွေ့အကြုံနှင့် ဉာဏ်ပညာကို အတုခိုးရာမှ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ဂျွန်လော့ကီ
အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်

Fate leads him who follows it, and drags him who resists.

ကံတရားသည် ၎င်း၏နောက်မှ လိုက်ပါသူအား ဦးဆောင်ခေါ်ယူသွားပြီး ၎င်းနောက်မှလိုက်ရန် ငြင်းဆန်သူအား အတင်းဆွဲခေါ်သွားလေ့ရှိသည်။

ပလူးတပ်
ဂရိလူမျိုးအတ္ထုပ္ပတ္တိရေးဆရာ

ဒါဖာ၌ မျိုးဖြုတ်သတ်ဖြတ်နေသည့် စွပ်စွဲမှု ဆူဒန်အစိုးရက ငြင်းဆို

ခါတွမ် ဇူလိုင် ၁၆

ဆူဒန်သမ္မတ အိုမာအယ်ဘားနားသည် ဒါဖာဒေသ၌ မျိုးဖြုတ်သတ်ဖြတ်နေသည်ဟူသော နိုင်ငံတကာရာဇဝတ်တရားရုံး(အိုင်စီစီ)တရားလိုရှေ့နေက စွပ်စွဲလိုက်ပြီးနောက် ဆူဒန်အစိုးရက ဒေါသတကြီး တုံ့ပြန်လိုက်သည်။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ)အနေဖြင့် ဆူဒန်နိုင်ငံအတွင်း တရားစီရင်ပိုင်ခွင့်မရှိကြောင်း၊ ဆူဒန်နိုင်ငံအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဆူဒန်သံအမတ်ကြီး မိုဟာမက်က ပြောကြားလိုက်သည်။

ထို့အပြင် ဆူဒန်ဒုတိယသမ္မတ အလီအော့စမန်သာဟာကလည်း အိုင်စီစီ၏ တွေ့ရှိချက်အထောက်အထားများမှာ မှားယွင်းကြောင်း ပြောကြားလိုက်ပြီး အိုင်စီစီ၏ဆောင်ရွက်ချက်များ ရပ်ဆိုင်းသွားရေး ဆူဒန်နိုင်ငံက ကြိုးပမ်းမည့် အရိပ်အယောင်ကို ပြောကြားသည်။

ဆူဒန်နိုင်ငံ ခါတွမ်မြို့၌ အစိုးရလိုလားသည့် လူထုအစည်းအဝေးတစ်ခု ကျင်းပရန် စီစဉ်လျက်ရှိသည်။

ထိုအတောအတွင်း ကုလသမဂ္ဂက ဒါဖာရှိ ဝန်ထမ်းအချို့ကို နေရာရွှေ့ပြောင်းရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း

စုစည်း

ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နည်းပညာသိပ္ပံ

နိုကီယာ လက်ကိုင်ဖုန်းသစ် ထုတ်လုပ်

နိုကီယာကုမ္ပဏီက ဝန်ဆောင်မှုများ လွယ်ကူလျင်မြန်စွာပေးနိုင်သည့် စမတ်ဖုန်းအမျိုးအစား လက်ကိုင်ဖုန်းများ ဖြစ်သော အီး-၇၁နှင့် အီး-၆၆တို့ကို ထုတ်လုပ်လိုက်ကြောင်း ဇူလိုင် ၁၅ရက်က သတင်းထုတ်ပြန်သည်။

ရုပ်သံဖျော်ဖြေရေး

၎င်းဖုန်းများသည် စမတ်ဖုန်းအမျိုးအစားဖြစ်သော်လည်း ပုံစံဒီဇိုင်းကွဲပြားစွာ ပြုလုပ်ထားသည်။ ထည့်သွင်းအသုံးပြုထားသည့် မိုက်ခရိုဆော့ဖ်ဝဲလ်သည် အသစ်ထုတ်လုပ်ထားသော ဆော့ဖ်ဝဲလ်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကဲ့သို့သော ရုပ်သံဖျော်ဖြေရေး အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည်။

ရုပ်ပုံများမြင်တွေ့နိုင်

ထို့အပြင် ကင်မရာကဲ့သို့လည်း အသုံးပြုနိုင်သည့်အပြင် တစ်ဖက်ကပြောဆိုသူ၏ ရုပ်ပုံများကိုလည်း မြင်တွေ့နိုင်မည် ဖြစ်သည်။ တစ်ဖန်တေးဂီတဖျော်ဖြေရေး စက်ကဲ့သို့လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

၎င်းလက်ကိုင်ဖုန်းကို သတင်းများရယူရာတွင် အသံဖမ်းစက်အဖြစ်လည်းကောင်း၊ ဗီဒီယိုရုပ်သံကင်မရာအဖြစ် ရိုက်ကူးရာတွင်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများမှတ်သားရာတွင်လည်းကောင်း အသုံးပြုနိုင်ကြောင်းသိရသည်။ (အင်တာနက်)

အီကွေတိုရီယယ်ဂီနီသမ္မတနိုင်ငံဆိုသည်မှာ....

သတင်းအက်ဆေး

အီကွေတိုရီယယ်ဂီနီသမ္မတနိုင်ငံသည် ဂီနီပင်လယ်ကွေ့ အာဖရိကအနောက်ပိုင်း ကမ်းလွန်ဒေသတွင် တည်ရှိသည်။ ၁၉၆၈ခုနှစ်တွင် လွတ်လပ်ရေးရပြီး ကတည်းက ဤနိုင်ငံကို မိသားစုတစ်စုတည်းမှ ပေါက်ဖွားလာသူ နှစ်ဦးက အုပ်ချုပ်လာခဲ့သည်။ အာဖရိကတိုက်တွင် လူ့အခွင့်အရေးချိုးဖောက်မှု အဆိုးဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု လူ့အခွင့်အရေးအဖွဲ့များက သုံးသပ်သည်။ စပိန်ကိုလိုနီ လက်အောက်ခံဘဝမှ လွတ်မြောက်လာသည့် ဤနိုင်ငံသည် မကြာမီနှစ်များအတွင်းကပင် အာဖရိကတိုက် ဆာဟာရအောက်ပိုင်းမှ ရေနံအကြီးအကျယ်ထွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ပေါ်တူဂီရေကြောင်းပြ ဖာနာအိုဒိုပိုက ယခုအခါ ဘိုင်အိုကိုဟုခေါ်တွင်သည့် ဖာနန်ဒိုပူးကျွန်းကို ၁၄၇၁ခုနှစ်တွင်တွေ့ရှိသည်။ ၁၇၇၇ခုနှစ်တွင် ဖာနန်ဒိုပူးကျွန်းကို ပေါ်တူဂီက စပိန်လက်သို့ အပ်လိုက်သည်။ ၁၉၀၄ခုနှစ်တွင် ဖာနန်ဒိုပူးနှင့်ရီယိုမူနီတို့ပေါင်းပြီး အနောက်အာဖရိကနယ်မြေ ဖြစ်လာသည်။ နောက်ပိုင်း စပိန်ဂီနီဖြစ်လာပြန်သည်။

ပထမဆုံးသမ္မတ

၁၉၆၈ ခုနှစ်တွင် စပိန်ဂီနီ လွတ်လပ်ရေးရရှိသောအခါ အီကွေတိုရီယယ် ဂီနီသမ္မတနိုင်ငံအဖြစ်ရပ်တည်သည်။ ပထမဆုံးသမ္မတမှာ ဖရန်စစ္စကိုမာစီယပ်အင်ဂွီမာဖြစ်သည်။ ၁၉၇၂ခုနှစ်တွင် ရာသက်ပန်သမ္မတဖြစ်လာသည်။

၁၉၇၉ ခုနှစ်တွင် တူဖြစ်သူ တီအိုဒိုရိုအိုဘီယန်အင်ဂွီမာအမ်ဘာဆိုဂိုဦးဆောင်ပြီး စစ်တပ်ကသမ္မတကို ဖြုတ်ချအာဏာသိမ်းလိုက်သည်။ ၁၉၉၃ခုနှစ်တွင် ပထမအကြိမ် ပါတီစုံရွေးကောက်ပွဲကျင်းပသည်။ ၁၉၉၆ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပသည်။ သမ္မတ အိုဘီယန်အင်ဂွီမာက ထောက်ခံမဲ ၉၉ရာခိုင်နှုန်းရသည်။

၁၉၉၆ခုနှစ် မတ်လတွင် ဤနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိရကြောင်း မိုဘိုင်းရေနံကော်ပိုရေးရှင်းက ကြေညာသည်။ ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် ဘိုင်အိုကိုကျွန်းရှိ တပ်စခန်းများကို တိုက်ခိုက်ခံရပြီးနောက် ဘူဘီလူမျိုးစု အများဆုံးပါရှိသည့် ပြည်သူတို့ကို အစိုးရက ဖမ်းဆီးသည်။ ၁၉၉၈ခုနှစ် ဇွန်လတွင် ဘိုင်အိုကိုကျွန်းခွဲထွက်ရေးတိုက်ခိုက်မှုဖြင့် စစ်ခုံရုံးက ၁၅ဦးကို သေဒဏ်ချမှတ်သည်။

၁၉၉၉ ခုနှစ် မတ်လ ပါလီမန်ရွေးကောက်ပွဲတွင် အာဏာရအီကွေတိုရီယယ်ဂီနီ



ဒီမိုကရက်တစ်ပါတီက အနိုင်ရသည်။ အတိုက်အခံ ပြည်သူ့သမဂ္ဂပါတီဝင် အများအပြားအဖမ်းခံရသည်။ ၂၀၀၁ခုနှစ်တွင် ရေနံတူးဖော်ရရှိမှုကြောင့် ဤနိုင်ငံသည် ကမ္ဘာပေါ်၌ စီးပွားရေး အမြန်ဆုံး တိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မေတ္တာရပ်ခံ

အတိုက်အခံပါတီများ မှတ်ပုံတင်စေလိုသည့် သမ္မတအိုဘီယန်အင်ဂွီမာ၏ မေတ္တာရပ်ခံချက်အရ ပြည်ပရောက် ပြန်လည်တည်ဆောက်ရေးနှင့် လူမှုဖူလုံရေးပါတီ(ပီအာရ်ဘီအက်စ်)ခေါင်းဆောင် ဖလော်ရင်တီနိုအီကိုမိုဒင်ဆိုဂို ၂၀၀၁ခုနှစ် ဇူလိုင်လတွင် အမိနိုင်ငံသို့ ပြန်လာသည်။

၂၀၀၂ခုနှစ် ဇွန်လတွင် သမ္မတအိုဘီယန်အင်ဂွီမာအား အာဏာသိမ်းဖြုတ်ချရန် ကြိုးပမ်းမှုဖြင့် ၆၈ဦးကို ထောင်ဒဏ် အနှစ် ၂၀အထိချမှတ်သည်။ အဓိက အတိုက်အခံခေါင်းဆောင် ပလာဆီဒိုမီကို အာဘိုဂိုလည်း ပါဝင်သည်။ ဖမ်းဆီးခံရသူများအား ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများတွေ့ရကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အမ်နက်စတီး အင်တာနေရှင်နယ်)က ကြေညာသည်။ ၂၀၀၂ခုနှစ် ဒီဇင်ဘာသမ္မတရွေးကောက်ပွဲတွင် သမ္မတ အိုဘီယန်အင်ဂွီမာ ပြန်လည်အရွေးခံရသည်။ ၂၀၀၃ခုနှစ် ဩဂုတ်လတွင် ပြည်ပရောက် အတိုက်အခံခေါင်းဆောင်များက စပိန်နိုင်ငံ မက်ဒရစ်မြို့၌ အဝေးရောက်အစိုးရကို ဖွဲ့စည်းလိုက်သည်။

၂၀၀၄ခုနှစ် မတ်လတွင် ဇင်ဘာဘွေနိုင်ငံ၌ ဖမ်းဆီးခံရသောမသင်္ကာဖွယ်ကြေးစားစစ်သားများနှင့် နီးနွယ်ပြီး မသင်္ကာဖွယ် ကြေးစားစစ်သားများကို အာဏာသိမ်းရန်ကြံစည်မှုဖြင့် ဖမ်းဆီးလိုက်သည်။ နိုင်ငံခြားသားအများအပြားကိုလည်း ပြည်နှင်ဒဏ်ပေးလိုက်သည်။ ၂၀၀၄ခုနှစ် ဧပြီလ ပါလီမန်ရွေးကောက်ပွဲ၌ သမ္မတ၏ပါတီနှင့် မဟာမိတ်ပါတီများက အမတ်နေရာ ၁၀၀ရှိသည့် ပါလီမန်၌ အမတ် ၉၈နေရာရရှိခဲ့သည်။

အာဏာသိမ်းရန်ကြံ

၂၀၀၄ခုနှစ် ဩဂုတ်လတွင် အာဏာသိမ်းရန်ကြံမှုစည်ဖြင့် နိုင်ငံခြားသားများကို မာလာဘိုမြို့တော်၌ ရုံးတင်စစ်ဆေးပြီး ၎င်းတို့၏ တောင်အာဖရိကခေါင်းဆောင်ကို ထောင်ဒဏ် ၃၄နှစ်အပြစ်ပေးလိုက်သည်။ အာဏာသိမ်းရန်ကြံစည်မှုတွင် ပါဝင်သည့် ကြေးစားစစ်သားများ၏ ခေါင်းဆောင် ဗြိတိသျှလူမျိုး ဆိုင်မွန်မန်းအား ဇင်ဘာဘွေနိုင်ငံက ဖမ်းဆီးပြီး ထောင်ဒဏ်ခုနစ်နှစ် ချမှတ်သည်။ အသနားခံသဖြင့် ထောင်ဒဏ် လေးနှစ်သို့ လျှော့ချသည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် ၂၀၀၄ခုနှစ်က အီကွေတိုရီယယ်ဂီနီသမ္မတနိုင်ငံ အာဏာသိမ်းရန် ကြိုးပမ်းမှုဖြင့် တရားရင်ဆိုင်ရန် ဇင်ဘာဘွေနိုင်ငံက ဆိုင်မွန်မန်းအား လွှဲအပ်ပေးလိုက်သည်။ ယခုနှစ် ဇူလိုင်လတွင် ဆိုင်မွန်မန်းအား အီကွေတိုရီယယ်ဂီနီသမ္မတနိုင်ငံက ထောင်ဒဏ် ၃၄နှစ် ပြစ်ဒဏ်စီရင်လိုက်သည်။

ရေနံထွက်သည့် ဤနိုင်ငံသည် ၂၀၀၄ခုနှစ်က ကမ္ဘာပေါ်၌ စီးပွားအလျင်မြန်ဆုံး တိုးတက်သည့်နိုင်ငံဖြစ်သည်။ သို့သော် ရေနံကြောင့် ကြွယ်ဝချမ်းသာမှုကိုမူ လူနည်းစုလက်တစ်ဆုပ်စာသာ ခံစားနေရသည်။ လူမှုဖွံ့ဖြိုးရေး စီမံကိန်းများတွင် ပိုမိုသုံးစွဲရန် စီမံလျာထားမှုများ ပြုလုပ်နေသည်ကိုတွေ့ရသည်။ ၁၉၇၀ပြည့်လွန်နှစ်များက ပြည်သူ သုံးပုံတစ်ပုံ ထွက်ပြေးခဲ့ရသည့် အခြေအနေနှင့် ယှဉ်ထိုးကြည့်လျှင် ဤနိုင်ငံ၏ အခြေအနေမှာ များစွာတိုးတက်လာသည်ဟု ဆိုရမည်။ အနာဂတ်တွင် မည်သည့် အတိုင်းအတာအထိ တိုးတက်သာယာမည်ကိုမူ စောင့်ကြည့်ရမည်သာဖြစ်ပါကြောင်း။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ဂုဏာဝိသိဋ္ဌသဘင် အခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၉နာရီခွဲက တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဇနီးဒေါ်သန္တာဝင်းစိန်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ရပ်ကွက်အသီးသီးမှ ဝတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ တောင်ကြီးမြို့ ဝေဠုဝန်စာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဝိဇယ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များက ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့် ပူဇော်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး**(အပေါ်ပုံ)** ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား တိုင်းမှူးနှင့်ဇနီးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ တောင်ကြီးမြို့ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသ(အဂ္ဂမဟာပဏ္ဍိတ)က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဘုရင့်နောင်ဈေး မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မိသားစု ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၇နာရီက ဈေးသာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တဝိသိဋ္ဌထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဘုရင့်နောင်ဈေး ဝါဆိုသင်္ကန်းကပ်လှူရေး ကော်မတီဥက္ကဋ္ဌ ဦးလှအေးနှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ဈေးသူဈေးသားများက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**

ဆက်ကပ်လှူဒါန်း

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မိသားစု ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်မှ စာသင်သားသံဃာတော်များအတွက် သင်္ကန်းဒွိစုံ ၂၉၀ ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှု မျက်ရှုသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၆

ဗုဒ္ဓအဆုံးအမနှင့်အညီ လိမ္မာယဉ်ကျေးမှုရှိစေရန် ရည်ရွယ်၍ ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ဝါတွင်းကာလ ဥပုသ်နေ့များတွင် ယဉ်ကျေးမှုမျက်ရှုသင်တန်းကို သင်ကြားပို့ချမည်ဖြစ်သည်။

သင်ကြားပေးမည်

သင်တန်းတွင် မေတ္တသုတ်ကို အခြေပြုပြီး အနုပညာဘာသာရပ်များနှင့် ပူးတွဲသင်ကြားပေးမည်ဖြစ်ရာ ဝါဆိုလပြည့်ကျော် ၈ရက်မှ သီတင်းကျွတ်လဆန်း ၈ရက်အထိ အပတ်စဉ် ဥပုသ်နေ့တိုင်း (စုစုပေါင်း ၁၁ရက်) နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ သင်ကြားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကို အသက်၇နှစ်မှစ၍ မည်သူမဆို တက်ရောက်နိုင်သည်ဖြစ်ရာ ရှင်သာမဏေဓမ္မဗိမာန် ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၇၃၆၁သို့ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နည်းပညာတက္ကသိုလ်(သန်လျင်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် နည်းပညာတက္ကသိုလ်(သန်လျင်)၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်၇နာရီက ယင်းတက္ကသိုလ်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်သိန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပျိုးပင်များကို ပေးအပ်ကြ၍ **(ယာပုံ)** ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်သိန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

နည်းပညာတက္ကသိုလ်(သန်လျင်)၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် အရိပ်ရပင်၊ ပန်းအလှပင်နှင့် လေကာပင် စုစုပေါင်းပျိုးပင် ၅၀၀ကို စိုက်ပျိုးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနုတ္တလက္ခဏသုတ်တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၆

၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၅ရက် (အနတ္တလက္ခဏအခါတော်နေ့) ဇူလိုင် ၂၂ရက် (အင်္ဂါနေ့) နံနက်၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မတ္တရာသူဌေးကျောင်း ဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က အနတ္တလက္ခဏသုတ်တရားတော်ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရား ဟောပြောပို့ချမည်

ရန်ကုန် ဇူလိုင် ၁၆

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၂၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိကဆရာကြီးဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇူလိုင်၂၀ရက်မှ ၂၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

တညင်းကုန်း ကုန်စိမ်းဈေး အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန၏ အင်းစိန်မြို့နယ် တညင်းကုန်း ကုန်စိမ်းဈေး၌ ဈေးသာယာရေးအဖွဲ့နှင့် ဈေးတာဝန်ခံတို့က ဦးဆောင်၍ ဝါတွင်းသုံးလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့ နံနက်တိုင်း အရုဏ်ဆွမ်းလောင်းလှူကြမည်ဖြစ်ရာ အရုဏ်ဆွမ်းလောင်းလှူလိုသူများသည် ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၃၄၃၅၁၊ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၈၃၄၃၁နှင့် ဈေးတာဝန်ခံ ဖုန်း-၀၁-၆၁၃၃၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ပုဇွန်တောင်ဈေး အုန်းငှက်ပျောလှူငယ်များ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၆

ပုဇွန်တောင်ဈေး အုန်းငှက်ပျောလှူငယ်များ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့)တွင် ပုဇွန်တောင်မြို့နယ် မြသိန်းတန်စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဦးကေသရအား အမှူးထား၍ ကျောင်းရှိ စာချ၊စာသင် သံဃာတော်များအား ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်းနေ ဦးအုံးမောင်-ဒေါ်သန်းသန်းအေး မိသားစုက ဦးအုံးမောင်၏ (၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေးမြို့နယ် ခေါဇမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ပြီးစီးမှု တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

စက်ဲကမ်းခြေသာယာလှပရေး အုန်းပင်စိုက်ပွဲတော် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၆

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းသည် ဇွန် ၁၁ရက်က ရေးမြို့နယ် ခေါဇမြို့ စုပေါင်းရုံးသို့ ရောက်ရှိ၍ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ပညာရေး၊ ကျန်းမာရေး၊ မြို့သာယာလှပရေးနှင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်သွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ခေါဇမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံဆောက်လုပ်နေမှုနှင့် 100KVA မီးစက် တပ်ဆင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အမြန်ပြီးစီးအောင်ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

တိုင်းမှူးသည် ဇွန် ၁၂ရက်တွင် ရေးမြို့နယ် ကျောင်းရွာတိုက်နယ် ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် ရေးမြို့နယ် ကျောင်းရွာဘုန်းတော်ကြီး ဓမ္မရက္ခိတစာသင်တိုက်သို့ သွားရောက်၍ ကျောင်းတိုင်ဆရာတော် ဘဒ္ဒန္တခန္တီစာရအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဇီးဖြူသောင်ကျေးရွာသို့ရောက်ရှိ၍ ဇီးဖြူသောင်ပင်လယ်ဝကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားသည်။

စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးသည်သံဖြူဇရပ်မြို့နယ်စက်ဲကမ်းခြေသာယာလှပရေးအုန်းပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ဇနီးဒေါ်မြင့်မြင့်စိုး၊ အဖွဲ့ဝင်များနှင့်အတူ အုန်းပင်များကိုစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စက်ဲကမ်းခြေ သာယာလှပရေးအတွက် အုန်းပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။သံဖြူဇရပ် စက်ဲကမ်းခြေသာယာလှပရေးအတွက် အုန်းပင်ပေါင်း ၅၀၀၀ကို စိုက်ပျိုးပေးကြသည်။

ဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် စက်ဲကမ်းခြေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကမ်းခြေ သာယာလှပအောင် ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော သံဖြူဇရပ်မြို့နယ် စက်ဲကမ်းခြေသာယာလှပရေးအတွက် အုန်းပင်စိုက်ပွဲကို ဇွန် ၁၁ရက်က ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အုန်းပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ငါးထပ်ကြီးဘုရား ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်တော်မူသော ငါးထပ်ကြီး မြတ်စွာဘုရားအာရုံခံတန်ဆောင်းတော်ကြီးအတွင်း၌ ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ် ဆရာတော် ဘဒ္ဒန္တဝါယမ (သာသနဓဇဓမ္မာစရိယဒီဃဘာဏကဓမ္မကထိကဗဟုဇနဟိတဓရ) အရှင်မြတ်သည် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ သီတင်းနေ့တိုင်း မွန်းလွဲ ၁နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ပေါက်ခေါင်းမြို့နယ်၌ တာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၆

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တာဝန်ပေးအပ်ခြင်းနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဖြူဝင်းက မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့် ကျေးရွာအုပ်စု ၁၆အုပ်စုမှ ရပ်ကွက် အဖွဲ့ဝင်များ၊ ကောက်စိုက်စည်းခေါင်းဆောင်များ တက်ရောက်ကြသည်။

(ထွေ/ အုပ်ဦးစီး)



ပဲခူး သမိုင်းဝင်ဆုတောင်းပြည့် စွယ်တော်ရှင်မဟာစေတီ ဝါတွင်းသုံးလဥပုသ်နေ့တိုင်း အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

ဘုရင့်နောင်မင်းတရားကြီးတည်ထားကိုးကွယ်တော်မူခဲ့သော ပဲခူးမြို့ သမိုင်းဝင် စွယ်တော်ရှင် ဆုတောင်းပြည့် မဟာစေတီတော်မြတ်ကြီး**(အပေါ်ပုံ)**၏ ရင်ပြင်တော်မြောက်ဘက်ဥပုသ် ဓမ္မာရုံကြီးတွင် ဝါတွင်းသုံးလဥပုသ်နေ့တိုင်း နံနက်ပိုင်းသီလပေးဥပုသ်ဆောက်တည်ခြင်းနှင့် မွန်းလွဲ ၁နာရီမှစ၍ နေ့အထူးတရားပွဲများကို စေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည် ဖြစ်သည်။

တရားပွဲတွင် ပဲခူးမြို့မှ နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်မြတ်များက အလှည့်ကျနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟောကြားမည်ဖြစ်ရာ တရားနာယူလိုသူများသည် မွန်းလွဲ ၁နာရီတွင် မဟာစေတီတော်မြတ်ကြီး ရင်ပြင်ပေါ် မြောက်ဘက်ဥပုသ်ဓမ္မာရုံသို့ ကြွရောက်နိုင်ကြောင်း သိရသည်။ **(၁၆၇)**

သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၆

သုခရိပ်သာကျောင်း လိပ်ပြာကန်တိုက် ငါးထပ်ကြီး နယ်လှည့်ဗုဒ္ဓသာသနာပြု အမျိုးသားပထမကျော်ပြွန်တန်ဆာအရှင် ဓမ္မသာရ၏ အလုပ်ပေးတရားများကို ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ဗဟိုတံမြက်လှည်းအသင်းတန်ဆောင်း၌ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလပတ်လုံး သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် သေဆုံး၊ ဒဏ်ရာရမှုများ လျော့ပါးစေရန် ရည်ရွယ် တောင်ကြီးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ကျောင်းသူကျောင်းသားများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များမှ ကင်းဝေးရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာတတ်ရန် ပညာပေးဟောပြောပွဲများကို တောင်ကြီး အထကကျောင်းများတွင် ဇူလိုင် ၈ရက် နံနက် ၉နာရီမှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်နှင့်အဖွဲ့၊ ရှမ်းပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး တင့်စိုးရှိန်နှင့် အဖွဲ့ဝင်များ ပူးပေါင်းကာ တောင်ကြီးအထက(၁)ခန်းမတွင် နံနက် ၉နာရီမှ ၁၀ နာရီအထိ၊ အထက (၃)ခန်းမတွင် နံနက် ၁၀နာရီခွဲမှ ၁၁နာရီခွဲအထိ အထက(၄)ခန်းမတွင် **(အပေါ်ပုံ)** မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိဟောပြောကြရာ ရှမ်းပြည်နယ် ပညာရေးမှူး ဦးမြထွတ်နှင့် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများ တက်ရောက်အားပေးကြပြီး အထက်တန်းဆင့် ကျောင်းသားလူငယ်များ၊ အတန်းပိုင်ဆရာ ဆရာမများပါ တက်ရောက်ကြသည်။

နှစ်စဉ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် ထိခိုက်သေဆုံး၊ ဒဏ်ရာရမှုများ လျော့ပါးစေရန် ရည်ရွယ်၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းကာ ကျောင်းသို့နေ့စဉ်တက်ရောက်ကြသော ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာစေရေးအတွက် ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

လှည့်လည်ဟောပြော

အဆိုပါ ဟောပြောပွဲများကို ဇူလိုင် ၈ရက်မှ ၁၈ရက်အထိ တောင်ကြီးမြို့နယ် အေးသာယာ၊ ရွှေညောင်အစရှိသော မြို့များရှိကျောင်းများတွင် လှည့်လည်ဟောပြော ပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(က-ပ)

ဓမ္မစကြာအခါတော်နေ့

ဦးကျော်စိန်(မန္တလေး)

ဝါဆိုလပြည့်နေ့သည် မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်၌ **"သန္ဓေတောထွက် ဓမ္မစက် မိန့်မြွက်သံချီ လဝါဆို"** ဟူသော လင်္ကာအရ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မဟာမာယာ ဒေဝီ၏ ဝမ်းကြာတိုက်ဝယ် ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ ပဋိသန္ဓေတည်နေတော်မူပါသည်။

ထို့နောက် ဖွားမြင်တော်မူပြီး သက်တော် ၂၉နှစ်အရွယ် မဟာသက္ကရာဇ် ၉၇ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့၌ တောထွက်တော်မူပါသည်။ တောထွက်ပြီး ရဟန်းအသွင်ယူကာ အလွန်တရာကျင့်ရန်ခက်ခဲသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံး အပြင်းအထန် ကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်တော်မူပါသည်။ မြတ်စွာဘုရားရှင်သည် သတ္တဌာနတို့၌ သတ္တသတ္တာဟ (၇)ရက် (၇)ရက်စီ (၄၉)ရက် တရားဓမ္မဖြင့် မွေ့လျော်တော်မူပြီး သဟမ္ပတိ ဗြဟ္မာမင်းကြီး၏ တရားဟောတော်မူရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူပါသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ငါးယောက်အစု ပဉ္စဝဂ္ဂီတို့နှင့်တကွ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာအပေါင်းတို့အား တရားဦး သာသနာပြု တရားဟောကြားရန် မိဂဒါဝုန်တောသို့ ကြွတော်မူပါသည်။ ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေမင်းကြီးကလည်း အနောက်ဂေါယာကျွန်း၌ မေးတင်၍ ရွှေရောင်တောက်လျက် နီနီဝိုင်းဝိုင်းအလုံးကြီး ရှိဆဲ၊ လမင်းကြီးကလည်း အရှေ့လောကဓာတ်မှ ငွေရောင်တောက်လျက် ဝင်းဝင်းဝိုင်းဝိုင်း အလုံးကြီး ထွက်ပေါ်စအချိန်၌-

"ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ..."

အစရှိသော တရားဦးသာသနာပြု ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။ ဤကဲ့သို့ မြတ်စွာဘုရားရှင် ဓမ္မစကြာ ဒေသနာတော် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ လယ်တီဆရာတော်ဘုရားကြီးက-

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို" ဟူ၍ ရေးသားပူဇော်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူ့အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ် ကပ်ရောက်ပြီးသူတိုင်း ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် (ကာမသုခလ္လိကာနုယောဂ)နှင့် မိမိ၏ ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် (အတ္တကိလ မထာနုယောဂ)ဟူသည့် အစွန်းတရားနှစ်ပါးသည် လောကမှထွက်မြောက်ရေးအတွက် အကျိုးမပြီး၊ အချည်းနှီးသော အကျင့်များဖြစ်ကြ၏။ ထို့ကြောင့် ထိုအစွန်းတရားနှစ်ပါးကို မမှီဝဲရန် ဟောကြားတော်မူပါသည်။

မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟူသည်- အမြင်မှန်ရရန်အားထုတ်ခြင်း (သမ္မာဒိဋ္ဌိ)၊ ကောင်းမြတ်သော ကုသိုလ်အကြံအစည်များကိုသာ ကြံစည်ခြင်း(သမ္မာသင်္ကပ္ပ)၊ ကောင်းမြတ်သော စကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)၊ ကောင်းသောအပြုအမူကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)၊ အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း (သမ္မာအာဇီဝ)၊ မှန်ကန်သော၊ မြတ်သော အားထုတ်မှုကိုသာပြုလုပ်ခြင်း (သမ္မာဝါယမ)၊ မှန်ကန်သောအမှတ်ရမှု၊ သတိရမှုကိုပြုလုပ်ခြင်း (သမ္မာသတိ)၊ မှန်ကန်သော စိတ်တည်ကြည်မှု သမာဓိဖြစ်ရန် ကြိုးစားခြင်း (သမ္မာသမာဓိ) ဟူသော အကျင့်မြတ်ပင်ဖြစ်သည်ဟု ဟောကြားပါသည်။

ဤမဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ကြံအားထုတ်မှသာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ပြီး နောက်ဆုံး၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်ရခြင်းဟူသော အကျိုးထူးကို ဧကန်မုချ ရရှိမည်ဖြစ်၏ဟု ဟောကြားတော်မူပါသည်။

ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသည့်အဆုံး၌ အရှင်ကောဏ္ဍညသည် ပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိကာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က "ဧဟိဘိက္ခု" ခေါ်တော်မူကာ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် တရားရတနာစတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦး ဒေသနာတော် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ဝါဆိုလပြည့်နေ့ကို "ဓမ္မစကြာ အခါတော်နေ့" အဖြစ် သတ်မှတ်ကာ မြို့ရွာဒေသ အနှံ့အပြား၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။

တစ်ဖန် ဝါဆိုလပြည့်ကျော် ၁ရက်နေ့၌ အရှင်ဝပ္ပသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၂ရက်နေ့၌ အရှင်ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ အရှင်မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အရှင်အဿဇိသည်လည်းကောင်း အသီးသီး သောတာပန်အရိယာအဖြစ်သို့ ရောက်ရှိကြပြီး ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရရှိပါသည်။ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ **"အနတ္တလက္ခဏ ဒေသနာတော်"** ကို ဟောကြားတော်မူပါသည်။ ထိုအနတ္တလက္ခဏ ဒေသနာတော်၌ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တဖြစ်ပုံတို့ကို ပြတ်ပြတ် သားသား၊ ထင်ထင်ရှားရှား သိမြင်နိုင်ရန် ဟောကြားတော်မူပါသည်။ အနတ္တလက္ခဏ ဒေသနာတော်ကို ကြားနာရပြီး ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်၍ နွေဥတု၊ မိုးဥတု နှစ်ဥတုလုံး၌ ပါဝင်သည်။ ဝါဆိုယ်မှ ဝါခေါင်ရေဖောင်ဖောင်နှင့် ရွာတောင်က 'ချောင်း'ဟူသော အိုင်ချင်းနှင့်အညီ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေပြည့်လျှံနေသည်ကို မြင်ရ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ခရီးသွားလာခြင်းမပြုဘဲ သီတင်းသုံးရာ ကျောင်း၌နေထိုင်ရန် ပညတ်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့် အဓိဋ္ဌာယ်ကို ရဟန်းတော်များ မိုးသုံးလအတွင်း ကျောင်း၌ နေပါမည်ဟု ရွတ်ဆိုသောလဟူ၍လည်းကောင်း၊ ရဟန်းသံဃာများ မိုးသုံးလပတ်လုံး အခြားအရပ်သို့ ညဉ့်အိပ်မသွားဘဲ ဤကျောင်း၌ နေပါမည်၊ မိုးခိုပါမည်ဟု ရွတ်ဆိုသောလဟူ၍လည်းကောင်း အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။

ရှေးရှေးသော မြန်မာဘုရင်များလက်ထက်က ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပွဲ ကျင်းပဆင်နွှဲခဲ့ကြသည်။ ဤကဲ့သို့ ကျင်းပခြင်းသည် ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရား သာသနာတော်တွင် ပထမဆုံး ရဟန်းဖြစ်တော်မူသော အရှင်ကောဏ္ဍညမထေရ်၏ "ဧဟိဘိက္ခု" ရဟန်းဖြစ်သည့်နေ့ ဖြစ်ခြင်း၊ ရှင်ပြု ရဟန်းခံပြီးသည်နှင့် တစ်ပြိုင်နက် ဝါဆိုရန် အဆင်သင့်ဖြစ်ခြင်း၊ နယုန်လ စာတော်ပြန်ပွဲအောင်သူများကို ပဉ္စင်းခံရှင်ပြုရန် အဆင်ပြေခြင်းစသော အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ဤသည့်ကာလ ဝါဆိုလတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အနေဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးပွားတိုးစေ၍ နိဗ္ဗာန်တိုင်ထောက် ရောက်စေနိုင်သော မြတ်ဗုဒ္ဓ၏ဓမ္မစကြာတရားဦးဒေသနာနှင့် အနန္တလက္ခဏ ဒေသနာတို့ကို ရွတ်ဆိုပွားများ နာကြားအားထုတ်ကြကုန်လျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေကြောင်း နှိုးဆော်တင်ပြရပါသည်။ ။

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ ဆရာမများက ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဦးဝိသုတအမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ပညာရေး)

ပြည် ဂျီတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ပြည် ဂျီတီအိုင် ကျောင်းဆင်း အင်ဂျင်နီယာများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သာသနာ့လင်္ကာရ မဟာဓမ္မ ဗိမာန်တော်ကြီး (ရွှေကျင်ဓမ္မာရုံ) ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ ကျင်းပမည် ဖြစ်သဖြင့် လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၄၅၂၅၊ ဦးဝေလွင် ဖုန်း-၀၉-၅၁၃၂၇၇၄၊ ကာတွန်း ကိုရွှေထူး (ပြည်) ဖုန်း-၀၉-၅၀၁၆၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လမြတ်ဝါဆို

○ သန္ဓေတောထွက်
ဓမ္မစက်ဟု
သုံးချက်မင်္ဂလာ၊ ပြည့်စုံဖြာလျက်
ပုန်းညက်မြိုင်ဆိုင်၊ ပုံ့လှိုင်ကြိုင်သင်း
ပဉ္စင်းတော်ပွဲ၊ ဆင်နွှဲကျင်းပ
ဝါဆိုလမှာ၊ ပြုဖွာသာဋ်နက္ခတ်
ကရကဋ်ရာသီ၊ ဆင်တာရာကြည်ရွှန်း
တင့်ထွန်းသာလှ၊ ဝဿန္တဝယ်
မြန်မာ့မြေတွင်၊ စိမ်းလန်းရှင်သန်
ကောက်နှံစပါး၊ ကျောက်သံပတ္တမြား
ထည်ဝါအံ့မဆုံး၊ ပြည်လုံးအနှံ့
နိုင်ငံ့ကျက်သရေ၊ တက်ဖြိုးဝေလျှမ်း
စိမ်းလန်းစိုပြည်နေလေပြီ။

○ မိုးအမွှန်မောင်
ပြည်ထောင်တစ်ဝန်း၊ အနှံ့သွန်းရွာ
ဝါဆိုမိုးလ၊ သမယမှာ
သံဃာတော်မြတ်၊ ဝါကပ်ဝါဆို
ထိုထိုကာလ၊ သီလဆောက်တည်
ရွှေပြည်သူများ၊ တရားဓမ္မစက်
ရွတ်လျက်ကြည်မွေ့၊ သည်ဓလေ့ကောင်း
ကျောင်းကန်ဘုရားမှာ၊ ဒါနပွားသူ
နိဗ္ဗူရည်မှန်း၊ ဝါဆိုပန်းနှင့်
သင်္ကန်းဆက်ကပ်၊ လမြတ်ဝါဆို
ငြိမ်းချမ်းစိုပြည်၊ ငါတို့မြေက
ဗုဒ္ဓဂုဏ်ရှိန်၊ မညှိုးမှိန်သည်
ဖြိုးထိန်လင်းလက် ဝေဝေစည်။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၆

ကသာခရိုင်အသင်း(ရန်ကုန်)

ကသာခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း(၁) ဝေဇယန္တာဥယျာဉ် ၁ လမ်း ဇေယျာသီရိ ကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကသာခရိုင်အတွင်း မြို့နယ် ခုနစ်မြို့နယ်မှ အသင်းသူ အသင်းသားများ ကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် ဆက်ကပ်လိုသော ဝါဆိုသင်္ကန်းနှင့် အလှူငွေများကို ဦးညွန့်ဦး ဖုန်း-၀၁-၅၇၃၇၂၈၊ ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၀၁- ၆၆၃၆၄၁၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၁၁၀၇၃၅ နှင့် နီးစပ်ရာအလုပ်အမှုဆောင်များထံသို့ ကြိုတင်အကြောင်းကြား လှူဒါန်းနိုင်ကြောင်း သိရသည်။

မုံရွာ ရွှေသိမ်တော်ကြီးကျောင်းတိုက်

မုံရွာမြို့ အေးသာယာရပ် ရွှေသိမ်တော်ကြီးကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော်အမှူးရှိသော သံဃာတော်အပါး ၉၀ ကျော်တို့အား သာသနာ့ပါလအသင်းက ကြီးမှူး၍ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များမှ ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ ဝါဆိုလပြည့်ကျော် ၁ ရက် (သောကြာနေ့)တွင် တက်ထရွန်သင်္ကန်းဒွိစုံ တစ်စုံစီနှင့် ဖိနပ်တစ်ရန်စီ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ သာသနာ့ပါလအသင်း အမှုဆောင်အဖွဲ့ ဖုန်း-၀၇၁-၂၁၇၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကံမမြို့နယ်အသင်း(ရန်ကုန်)

ကံမမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေကြသည့် ကံမမြို့နယ်ဇာတိဖွား ဆရာတော်ကြီး ၁၆ပါးတို့အား နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့သည့် စမ်းချောင်းမြို့နယ် ဇေယျဝတီကျောင်းတိုက် သုခဝါသီကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရအား အသင်းမှ ဂုဏ်ဝိသိဋ္ဌပူဇော်ခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်းနှင့် သင်းလုံးကျွတ် အစည်းအဝေး အခမ်းအနားကို ဩဂုတ်၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများနှင့် ဇူလိုင် ၃၁ ရက်တွင် အသက် ၇၀ ပြည့်ပြီးသော အသင်းဝင်များ အမှုဆောင်အဖွဲ့ထံသို့ ကြိုတင်အကြောင်းကြားပါရန်နှင့် အလှူငွေများကို ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈၊ ဦးခင်ဇော် ဖုန်း- ၅၁၇၀၇၂၊ ဦးညွန့်နိုင် ဖုန်း-၇၂၆၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ကံမမြို့နယ်သူ မြို့နယ်သားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကမာရွတ်မြို့ နယ် သုစိတ္တာရုံပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းသား၊ အသင်းသူများတက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းဒုတိယဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ၂၅၀၂၃၆၊ ဒုတိယဥက္ကဋ္ဌ ဦးကျင်အောင် ဖုန်း-၂၂၄၄၈၂၊ အတွင်းရေးမှူး ဦးခင်ဦး ဖုန်း-၅၀၄၈၇၉ နှင့် တွဲဖက် အတွင်းရေးမှူး ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၀၊ ၀၉-၅၀-၂၆၈၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လေဘေးသင့်ဒေသ ပြည်သူများအတွက် အလှူငွေများပေးအပ်

ရန်ကုန် ဇူလိုင် ၁၆

လေဘေးသင့်ဒေသ ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ဦးနေလင်းအောင် (ကမ္ဘာ့အေးဘုရားလမ်း မရမ်းကုန်းမြို့နယ်)က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သာယာကုန်းကျေးရွာကို စံပြကျေးရွာအဖြစ် ပြန်လည်တည်ဆောက်ထူထောင်ရန် နေအိမ် အလုံး၆၀အတွက် ငွေကျပ် သိန်း၃၆၀၊ သမီး ဒေါ်စန္ဒာမောင်၏ (၃၄)နှစ်မြောက် မွေးနေ့အလှူအတွက် ဦးမောင်မောင်ခင်နှင့် ဒေါ်သန်းနွယ်၊ သမီး ဒေါ်စန္ဒာမောင်၊ သား ရန်လင်းမောင် မိသားစု (၄)ရပ်ကွက် အရှေ့ရန်ကင်းမြို့နယ်က ငွေကျပ် ငါးသောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကျောက်တံတားမြို့နယ်)က ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်ဝိန်နှင့် ဒေါ်မိမိခင်မိသားစု (၂၆X ၈၃) လမ်းထောင့် မန္တလေးမြို့က ငွေကျပ် သိန်း ၁၀၀၊ ဦးစိုးမြင့်(ငွေဆင်ကုမ္ပဏီလီမိတက်)က ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ နေအိမ် ၁၀၈ လုံး တည်ဆောက်ရန် ငွေကျပ် ၆၄၈ သိန်း အပါအဝင် အလှူငွေ စုစုပေါင်းကျပ် ၁၁၁၀၅၀၀၀၀ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၆

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၇၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည် ဖြစ်သည်။

ဖွင့်လှစ်သွားမည်

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယ အဆင့်၊ တတိယ အဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မြန်မာ့ ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)
၁၇-၇-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ ယောဆရာတော်၏ ဥပ္ပါတသန္တိ ပါဠိတော်
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဂုဏောသန (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ဟောကြားတော်မူအပ်သော **ဓမ္မစကြာအခါတော်နေ့ တရားတော်**
၈း၃၀	၅။ International News
၈း၄၅	၆။ Island of Dhamma.
၈း၅၀	၇။ ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာဝိသုတာရာမ တိုက်သစ် မကွေးမြို့ မကွေးတိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အတီးပြိုင်ပွဲ
၄း၂၅	၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀	၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) အထက(၁)သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅း၀၅	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၆။ ဝါဆိုလဘွဲ့တေးများ
၅း၄၀	၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၈။ ညနေခင်းသတင်း
၆း၁၀	၉။ မိုးလေဝသအခြေအနေ
၆း၁၅	၁၀။ အဆိုပြိုင်ပွဲ
၆း၅၀	၁၁။ ရှုဖွယ်စုံညီ မြန်မာပြည်
၇း၀၀	၁၂။ စစ်တောင်းတံတား (မုပ္ပလင်)
၇း၁၅	၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၁၃)
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၁၁)
	၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဓမ္မစကြာ တရားတော်
	၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
	၂၀။ အစီအစဉ်ပြီး၏။

စာပေဗိမာန်စာအုပ်အသင်းဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန် စာမူဆု ပြဇာတ် စာပေ (ပထမဆုရ) ဇင်မင်း(သမိန်ထော)၏ **လွမ်းအောင်ကူရှဲ့ပြဇာတ်** စာအုပ် **(ယာပုံ)**ကို စာအုပ်အသင်း၏၃၇ အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိရာ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်၅၂၉/၅၃၁(ကုန်သည်လမ်း)ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်း

(ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့နံနက်ပိုင်းမှ စ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီး မော်လိုက်မြို့တွင် နောက် ၃၆နာရီအတွင်း၊ ကလေးဝမြို့တွင် နောက် ၁၂နာရီအတွင်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်များအောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည်ညောင်ဦးမြို့တွင် ယနေ့နံနက်ပိုင်းမှ စ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီး ဟင်္သာတမြို့တွင် တစ်နာရီလျှင် ၀ဒသမ ၅စင်တီမီတာနှုန်း ဖြင့်မြင့်တက်နေသော်လည်း ဇူလိုင် ၁၈ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

ရန်ကုန် ဇူလိုင် ၁၆

ဇူလိုင် ၁၆ရက်က မြန်မာနိုင်ငံ၏ သဘာဝရာသီဥတုဖြစ်စဉ်ကိုလေ့လာကြည့်လျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇူလိုင် ၁၇ရက် **(ယနေ့)** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် **မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်သာ ရှိမည်။**

ဇူလိုင် ၁၇ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၁၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

သံတွဲ	၂ ဒသမ ၄၀ လက်မ	**မော်လမြိုင်**	၁ ဒသမ ၁၄ လက်မ
ပူတာအို	၁ ဒသမ ၈၉ လက်မ	**မောင်တော**	၁ ဒသမ ၀၆ လက်မ
ရေး	၁ ဒသမ ၃၈ လက်မ	**မြစ်ကြီးနား**	၀ ဒသမ ၉၈ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်အနောက်တောင်ပိုင်း၌ မြေပြို တစ်ဦးသေဆုံး၊ နေအိမ် ၁၀၀ကျော်ပျက်စီး

ပေကျင်း ဇူလိုင် ၁၆

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဇူလိုင်၁၆ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ အိမ် ၁၀၀ကျော် ပျက်စီးခဲ့ကြောင်း၊ သေဆုံးသူတစ်ဦးနှင့် ပျောက်ဆုံးသူများရှိနေကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မြေပြိုမှုမှာ ယူနန်ပြည်နယ် ပင်ဟီမြို့အနီး ကျေးရွာတစ်ရွာ၌ ဇူလိုင် ၁၆ရက် မွန်းလွဲပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါကျေးရွာမှာ တောင်ခြေအနီး တည်ဆောက်ထားသော ရွာဖြစ်သဖြင့် တောင်ပေါ်မှ ကျောက်တုံးနှင့် မြေကြီးများ ပြိုကျခဲ့ခြင်းဖြစ်သည်။

မြေပြိုမှုဖြစ်ပွားရာ ဒါပွာကျေးရွာသို့ ကယ်ဆယ်ရေး အဖွဲ့များ သွားရောက်ကာ နေအိမ်များအပေါ် ပိနေသော မြေကြီးများကို ဖယ်ရှားပြီး ပျောက်ဆုံးသူများကို ကယ်ဆယ်ရှာဖွေလျက်ရှိသည်။ **(အောက်ပုံ)**

အမေရိကန်မြောက်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အနီးဝန်းကျင်ဒေသများတွင် ဇူလိုင် ၁၆ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာဗျူရိုက သတင်းထုတ်ပြန်သည်။

ရေနစ်မြုပ်

ရေလွှမ်းခံရသည့် နေရာများမှာ ဆန်တာဘာဘရာမြို့နှင့် ဗင်တူရာမြို့ မြောက်ပိုင်းနေရာများ၌ ဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း၊ ထို့အတူ လော့စ်အိန်ဂျလိစ်မြို့ မြောက်ပိုင်းဒေသများ၌လည်း ရေလွှမ်းမှုဒဏ် ခံခဲ့ရကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။

အခက်အခဲ

အဆိုပါ ဒေသများတွင် မော်တော်ကားလမ်းများ ရေလွှမ်းခဲ့သဖြင့် သွားလာရေး အခက်အခဲဖြစ်နေကြောင်း သိရသည်။

ဗီယက်နမ်မြောက်ပိုင်း၌ လေပြင်းတိုက်ခတ် ခုနစ်ဦးသေဆုံး အများအပြားဒဏ်ရာရ

ဟန္နိုင်း ဇူလိုင် ၁၆

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ကောင်နမ်ပြည်နယ်တွင် ဇူလိုင် ၁၆ရက် နံနက်ပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် ကမ်းခြေရှိ ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ခုနစ်ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်ဟု ဗီယက်နမ် သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် အချို့နေရာများ၌ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ဟောင်ကောင်ကမ်းလွန်၌ ငလျင်လှုပ်

ဟောင်ကောင် ဇူလိုင် ၁၆

တရုတ်နိုင်ငံ ဟောင်ကောင်ကမ်းလွန်တွင် ဇူလိုင် ၁၆ရက်က ရစ်ချ်တာစကေး ၆ဒသမ ၁ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း တရုတ် အမျိုးသားငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် ဆုံးရှုံးမှုသတင်း ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

အာဆီယံလူ့အခွင့်အရေးအဖွဲ့ ဖြစ်ပေါ်လာရေး လိုအပ်သည့်အချက်အလက်များ ထည့်သွင်းစဉ်းစား

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၆

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၀၈)ကို ယမန်နေ့ ညနေ ၃နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၀၈ခုနှစ်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သုံးကြိမ် မြောက်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ငန်းအဖွဲ့အလိုက် တင်ပြစေလိုကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ Work Shop (အလုပ်ရုံဆွေးနွေးပွဲ) များကို ကျင်းပရန်ရှိကြောင်း၊ အာဆီယံ လူ့အခွင့်အရေးအဖွဲ့ဖြစ်ပေါ်လာစေရေးအတွက်လည်း လိုအပ်သည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များက မိမိတို့၏ လုပ်ငန်းအလိုက် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ထားရှိသည့် အချက်အလက်များကို တင်ပြဆွေးနွေးကြပြီး သဘာပတိ ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gu Zhao Xi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့်မြေနေရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေကြည့်ရှုစစ်ဆေး ဝန်ထမ်းမိသားစုဝါဆိုသင်္ကန်းဆက်ကပ်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မီးသတ်စခန်း၌ လေးခန်းတွဲဝန်ထမ်းနေအိမ် ဆောက်လုပ်မည့်မြေနေရာနှင့် လှိုင်မြို့နယ်၌ တည်ဆောက်မည့် ခေတ်မီငါးယူနစ်မီးသတ်စခန်းဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

တက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)သီတာခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့အား အမှူးထား၍ ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီဟာသံာတ ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံမှ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဘဒ္ဒန္တသီလာနန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီဟာသံာတ ပရဟိတကျောင်း ဆရာတော်

ယင်းနောက် ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့် သွေးဖြင့် အသက် ကယ်ပါ

ရည်မှန်းချက်များပြည့်မီရန်ကြိုးပမ်း ဒေသစီးပွားဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၁၄ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြန်မာ့ စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန်စေရေး၊ ဘဏ်နှင့်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာသပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာန၊ လုပ်ငန်းဌာနတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အစီစဉ်အရ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ခံများ၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ တာဝန်များ ဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီဖြစ်ရေး၊ တာဝန်များဆောင်ရွက်ကြရာတွင် ဆက်ဆံရေးချိုသာပြေပြစ်မှုနှင့် ရိုးဖြောင့်မှန်ကန် တာဝန်သိမှု၊ သစ္စာရှိမှုတို့ဖြင့် ဆောင်ရွက်ကြရေး၊ ဌာနအလိုက် ချမှတ်ထားသည့် လုပ်ငန်း လျာထားရည်မှန်းချက် တာဝန်များ ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ရင်း ဒေသစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင်ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေတိုးလာပြီး ရေစီးနှုန်းများလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၈ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းပြ

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

သတိပေးနှိုးဆော်

ပြောင်းလဲမည့် ရေလမ်းကြောင်းအသစ်မှာ တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်အား အထူးဂရုပြုရန်လိုသည်။ အစုန်၊ အဆန်ရေယာဉ်များအနေဖြင့် ယောချောင်းရေကျချိန်တွင် တံတားအား လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပေးနှိုးဆော်ထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်၌ ရွှေတံဆိပ်ယူပေးမည့်
တရုတ်တိုက်ကွမ်ဒို အားကစားမယ်များ

ပေကျင်း ဇူလိုင် ၁၆

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဩဂုတ် ၈ရက်တွင် စတင်ကျင်းပတော့မှာဖြစ်လို့ အိမ်ရှင်တရုတ်နိုင်ငံကိုယ်စားပြု အားကစားသမားတွေဟာ ပြိုင်ပွဲတိုင်းမှာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ဖို့ အပြင်းအထန်လေ့ကျင့်နေကြပြီဖြစ်ပါတယ်။ ၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်တွေရရှိအောင်လေ့ကျင့်နေတဲ့ အားကစားတွေထဲမှာ တရုတ်တိုက်ကွမ်ဒိုအားကစားသမားတွေလည်း ပါဝင်နေတာမို့ သူတို့ရဲ့ အခြေအနေကို ဖော်ပြလိုက်ပါတယ်။

စတင်ရရှိ

တရုတ်နိုင်ငံမှာ တိုက်ကွမ်ဒိုအားကစားဟာ လူကြိုက်များတဲ့ အားကစားဖြစ်လာသလို တကယ်တမ်းတိုက်ကွမ်ဒိုအားကစားကို လေ့လာလိုက်စားသူတွေလည်းပေါများပါတယ်။ ဒါပေမယ့် တရုတ်တိုက်ကွမ်ဒိုအားကစားသမားတွေရဲ့ ကမ္ဘာ့အဆင့်အောင်မြင်မှုတွေကတော့ ၁၉၉၄ခုနှစ်လောက်ကမှ စတင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ရွှေတံဆိပ်ရရှိရေး အပြင်းအထန် ကြိုးစားလေ့ကျင့်နေသော တရုတ်တိုက်ကွမ်ဒိုမယ် ဝူကျန်ယူ။ (ဓာတ်ပုံ-ဆင်ဟွာ)

ရွှေတံဆိပ်

အနီးစပ်ဆုံး အောင်မြင်မှုတွေကတော့ ၂၀၀၀ဆစ်ဒနီအိုလံပစ်မှာ တရုတ်တိုက်ကွမ်ဒိုအသင်း ရွှေတံဆိပ်ရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွေမှာလည်း ရွှေတံဆိပ်တွေ ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၄ အေသင်အိုလံပစ်ပြိုင်ပွဲမှာ တရုတ်တိုက်ကွမ်ဒိုအားကစားမယ် ဝမ်ရှီးဟာ ရွှေတံဆိပ်ရရှိခဲ့သလို တရုတ်တိုက်ကွမ်ဒို အားကစားမယ်လောင်ဝေကလည်း နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

လေ့ကျင့်

အခု ၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်မှာ တရုတ်အမျိုးသားတိုက်ကွမ်ဒိုအသင်းကို နည်းပြချန်လီရန်က တာဝန်ယူလေ့ကျင့်ပေးနေသလို တရုတ်တိုက်ကွမ်ဒိုအမျိုးသမီးအသင်းကို နည်းပြကျန်ဝေကျင်းက တာဝန်ယူလေ့ကျင့်ပေးနေပါတယ်။

ကြိုတင်သတ်မှတ်

တရုတ်တိုက်ကွမ်ဒိုအားကစားအဖွဲ့မှာတော့ တရုတ်တိုက်ကွမ်ဒိုအားကစားမယ်တွေဟာ ရွှေတံဆိပ်တွေ ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေကြပါတယ်။ တရုတ်တိုက်ကွမ်ဒို အမျိုးသမီးအသင်းနည်းပြကျန်ဝေကျင်းကတော့ မိမိတို့အသင်းဟာ ရွှေတံဆိပ်တွေရရှိအောင် အပြင်းအထန်ကြိုးစားလေ့ကျင့်နေတယ်လို့ ဆိုပါတယ်။

တရုတ်တိုက်ကွမ်ဒို အားကစားမယ်တွေ အဓိကယှဉ်ပြိုင်ရမှာက တောင်ကိုရီးယားတိုက်ကွမ်ဒိုအသင်းပဲ ဖြစ်ပါတယ်။ တိုက်ကွမ်ဒိုအားကစားဟာ တောင်ကိုရီးယားက စတင်ခဲ့တာဖြစ်တာမို့ တောင်ကိုရီးယားတိုက်ကွမ်ဒိုအားကစားသမားတွေဟာ ပြိုင်ပွဲတိုင်းမှာတော့ ရွှေတံဆိပ်ရမယ်လို့ အမြဲတမ်း ရေပန်းစားလေ့ရှိတဲ့သူတွေပါပဲ။

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်၌ ရွှေတံဆိပ်ရမည်ဟု ရေပန်းစားနေသည့် ချန်ကျုံး လေ့ကျင့်နေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပထမဆုံးရွှေတံဆိပ်

တရုတ်အမျိုးသမီးတိုက်ကွမ်ဒို ကစားသမားတစ်ဦးဖြစ်တဲ့ ချန်ကျုံးဟာ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်ရမယ်လို့ ရေပန်းစားနေသူ ဖြစ်ပါတယ်။ တရုတ်တိုက်ကွမ်ဒိုအမျိုးသမီးအသင်းမှာတော့ အားထားရတဲ့သူတစ်ဦးဖြစ်ပါတယ်။ ၂၀၀၀ ဆစ်ဒနီ အိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်ရရှိခဲ့သူမို့ တိုက်ကွမ်ဒိုပြိုင်ပွဲတွေမှာ တရုတ်နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ် ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ချန်ကျုံးဟာ အခုအချိန်မှာ နေ့ရောညပါ စခန်းဝင်လေ့ကျင့်နေပြီး တစ်နေ့ကို အနည်းဆုံးသုံးကြိမ် လေ့ကျင့်နေတယ်လို့ ဆိုပါတယ်။ သက်လုံကောင်းအောင် တစ်နေ့ကို မီတာ ၁၀၀၀၀ လောက် အပြေးလေ့ကျင့်နေပြီး တိုက်ကွမ်ဒိုလေ့ကျင့်မှုကတော့ တစ်နေ့ကို မနက်ည အချိန်ခြောက်နာရီလောက် လေ့ကျင့်နေတယ်လို့ဆိုပါတယ်။ ၂၀၀၀ ဆစ်ဒနီအိုလံပစ်ပွဲတုန်းက ပြိုင်ပွဲဝင်ရင်း ဒူးဒဏ်ရာရရှိခဲ့လို့ အနားယူခဲ့ရပေမယ့် အခုအချိန်မှာ ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထား ရှိနေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံအတွက် တိုက်ကွမ်ဒိုအားကစားနဲ့ ရွှေတံဆိပ်ရယူပေးနိုင်တဲ့ အားကစားမယ်အဖြစ် သတ်မှတ်ခံထားရသူပါပဲ။

နာမည်ကြီးသူ

တိုက်ကွမ်ဒိုအားကစားနဲ့ ရွှေတံဆိပ်ရမယ်လို့ ရေပန်းစားနေတဲ့ တရုတ်တိုက်ကွမ်ဒိုအားကစားမယ် နောက်ထပ်တစ်ဦးကတော့ ဝူကျန်ယူဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်သာ ရှိပေမယ့် အောင်မြင်မှုတွေရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ကျန်စီပြည်နယ်သူဖြစ်ပြီး အသက် ၁၈နှစ်မှာ တရုတ်တိုက်ကွမ်ဒိုလက်ရွေးစင်ဖြစ်လာခဲ့သူ ဖြစ်ပါတယ်။ ၂၀၀၃ခုနှစ် ရှန်ဟိုင်းနိုင်ငံတကာ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီး ပြင်သစ်နိုင်ငံက ဖိတ်ခေါ်ကာ သရုပ်ပြကစားခိုင်းရတဲ့အထိ နာမည်ကြီးသူဖြစ်ပါတယ်။ ၂၀၀၆ ဒိုဟာ အာရှအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီး အဲဒီနှစ်မှာပဲ ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပါတယ်။

တရုတ်အမျိုးသမီး တိုက်ကွမ်ဒိုနည်းပြ ကျန်ဝေကျင်း(ဝဲ)၏ လေ့ကျင့်ပေးနေဟန်။ (ဓာတ်ပုံ-ဆင်ဟွာ)

ရေပန်းစား

အခုအချိန်မှာ လေ့ကျင့်မှုတွေ နေ့စဉ်ပြုလုပ်နေတဲ့အပြင် ကြံ့ခိုင်မှုတွေလည်း ရှိနေတာမို့ ၂၀၀၈ပေကျင်းအိုလံပစ်မှာတော့ တရုတ်နိုင်ငံအတွက် ရွှေတံဆိပ်ဆုယူပေးမယ့် အားကစားမယ်တစ်ဦးအဖြစ် ရေပန်းစားနေသူဖြစ်ပါတယ်။

မျှော်မှန်း

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်မှာ တရုတ်နိုင်ငံကရွှေတံဆိပ်ဆွတ်ခူးနိုင်မယ်လို့ မျှော်မှန်းထားတဲ့ အားကစားပြိုင်ပွဲတွေမှာ တိုက်ကွမ်ဒိုလည်း ပါဝင်နေတာမို့ အားကစားသမားတွေ အသင့်အနေအထား ဖြစ်နေပြီဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

စပါးတိုက်စစ်မှူး ဘာဘာတော့ဗ် မန်ယူရောက်ရှိရေး နီးစပ်လာပြီ

လန်ဒန် ဇူလိုင် ၁၆

ပရီမီယာလိဂ်ချန်ပီယံ မန်ယူအသင်းသည် စပါးအသင်းမှ တန်ကြေးမြင့် တိုက်စစ်မှူးဘာဘာတော့ဗ်(ဝဲပုံ)အား အိုးထရက်ဖို့ဒ်သို့ စာချုပ်ခေါ်ယူရေး နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ပရီမီယာလိဂ်သက်တမ်းတစ်လျှောက် ၄၆ဂိုး သွင်းယူခဲ့သူ ဘူလ်ဂေးရီးယားတိုက်စစ်မှူးဘာဘာတော့ဗ်သည် ၂၀၀၆ခုနှစ်က စပါးအိမ်ကွင်းတွင်ကစားသော သူ၏ပွဲဦးထွက်ပွဲစဉ်၌ နှစ်မိနစ်အတွင်းဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်ယူနည်းပြဖာဂူဆန်က သဘောကျနေသူဖြစ်သည်။

နီးစပ်

မန်ယူက ပေါင်၂၈သန်းဖြင့် စာချုပ်ရန် နှစ်ဖက်အသင်းများ သဘောတူညီခဲ့ကြပြီး ဘာဘာတော့ဗ် ဖာဂူဆန်အသင်းသို့ရောက်ရှိရေးမှာ နီးစပ်လာပြီဖြစ်ကြောင်း ဇူလိုင် ၁၅ရက် ဒေးလီးတယ်လီဂရပ် သတင်း၌ ဖော်ပြသည်။ မန်ယူ၏ ထိပ်တန်းဘောလုံးသမား စီရိုနယ်ဒို မန်ယူတွင်ဆက်ရှိရေးမသေချာသဖြင့် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ပါက ဘာဘာတော့ဗ်အား အစားထိုးရန်ရည်ရွယ်ပြီး မန်ယူအသင်းက ဘာဘာတော့ဗ်အား ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရော်နယ်ဒင်ဟို အေစီမီလန်ရောက်ပြီ

ဘာစီလိုနာအသင်းသည် ဇူလိုင်၂၅ရက် နှောင်းပိုင်းက အသက်(၂၈)နှစ်ရှိ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုအား ပေါင် ၃၃ ဒသမ ငါးသန်းဖြင့်ရောင်းချရန် ၄င်းအား ရရှိရေးအတွက် သုံးလကြာ ကြိုးပမ်းနေသော အေစီမီလန်ဥက္ကဋ္ဌ အက်ဒရီယာနိုဂယ်လီယာနီနှင့် သဘောတူညီမှုရရှိသွားပြီ ဖြစ်သည်။

အပြိုင်ခေါ်ယူ

အေစီမီလန်အသင်းသည် ငွေကြေးပိုပေးကာ ရော်နယ်ဒင်ဟိုအား ရရှိရေးအတွက် ကြိုးပမ်းနေသော ပရီမီယာလိဂ်မှ မန်စီးတီးအသင်းနှင့် အပြိုင်ခေါ်ယူခဲ့ရခြင်းဖြစ်သည်။

ခွင့်ပြု

ရော်နယ်ဒင်ဟိုအား ဩဂုတ်၇ရက် ပေကျင်းအိုလံပစ်၌ အုပ်စု(ဂ)အဖွင့်ပွဲစဉ်အဖြစ် ဘရာဇီးနှင့်ဘယ်လ်ဂျီယံ ကစားရမည့်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အေစီမီလန်က ခွင့်ပြုခဲ့သည်။

ရော်နယ်ဒင်ဟို အေစီမီလန်သို့ မပြောင်းမီက ဘာစီလိုနာက ၄င်းအား ပေကျင်းအိုလံပစ်တွင် ပါဝင်ယှဉ်ပြိုင်ရန် ခွင့်မပြုသကဲ့သို့ ကာကာကိုလည်း အေစီမီလန်က ပေကျင်းသို့ သွားရောက်ခွင့် မပေးခဲ့ပေ။ (အင်တာနက်)

ရီးရဲတိုက်စစ်မှူး ရော်ဘင်ဟိုအား ခေါ်ယူရေး ချယ်လ်ဆီး စိတ်ဝင်စားနေ

လန်ဒန် ဇူလိုင် ၁၆

ရီးရဲတိုက်စစ်မှူး ရော်ဘင်ဟို

ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်မှ ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုအား ခေါ်ယူစာချုပ်ရန် စိတ်ဝင်စားနေသော်လည်း စတန်းဖို့ဘရစ်ချ်သို့ ပေါင် ၄၈သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့မှုမရှိဟု ဆိုသည်။

ချယ်လ်ဆီးနည်းပြအသစ်ဖြစ်လာသူ စကိုလာရီကခေါ်ယူရန် ပစ်မှတ်ထားသည့်ကစားသမားများစာရင်းတွင် သူနှင့်တစ်နိုင်ငံတည်းသားနှင့် တပည့်ဖြစ်သူ အသက် ၂၄နှစ်ရှိ တိုက်စစ်မှူး ရော်ဘင်ဟိုပါဝင်ကြောင်း ဘီဘီစီသတင်း၌ ဖော်ပြသည်။

ငြင်းဆို

ရော်ဘင်ဟိုအား ပေါင် ၄၈သန်းဖြင့် ကမ်းလှမ်းသည်ဟုဆိုသည့် သတင်းသည် ဘာနေဗျူးတွင်ထွက်ပေါ်နေကျ သတင်းများသာဖြစ်ကြောင်း အခိုင်အမာပြောကြားလျက် ချယ်လ်ဆီးကငြင်းဆိုခဲ့သည်။

ရော်ဘင်ဟိုသည် ရီးရဲမက်ဒရစ်က ၄င်းအားအသုံးချလျက် မန်ယူမှ စီရိုနယ်ဒိုအား ခေါ်ယူရန်ကြိုးစားနေမှုကြောင့် စိတ်ကသိကအောက်ဖြစ်လျက်ရှိသည်။ **(အင်တာနက်)**

အာသာ၏ချန်ပီယံခါးပတ်အား ရယူမည် လက်ဝှေ့သမားကွတ် အခိုင်အမာပြောကြား

လန်ဒန် ဇူလိုင် ၁၆

လက်ဝှေ့သမားနစ်ကီကွတ်(ဝဲပုံ)က သူသည်လွန်ခဲ့သော နှစ်နှစ်က စကော့တာရစ်ဆန်နှင့် ထိုးသတ်ရန်လွဲခဲ့ရသော်လည်း အလက်စ်အာသာ၏ ခါးပတ်အားရယူမည်ဟု အတည်ပြုပြောကြားခဲ့သည်။

ကွတ်သည် ဒဗလျူဘီအိုဖယ်သာဝိတ်တန်း ခါးပတ်ရယူရန် စကော့အားစိန်ခေါ်ခဲ့သော်လည်း စကော့ကယှဉ်ပြိုင်ရန် အစီအစဉ်ကို ၄၈နာရီအတွင်း ရုပ်သိမ်းသွားခဲ့သည်။

အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒါဂျင်ဟမ်မြို့မှ အသက် ၂၈နှစ်အရွယ်ရှိ လက်ဝှေ့သမားကွတ်သည် ၄င်း၏ဒဗလျူဘီအို စူပါဖယ်သာဝိတ်တန်းသရဖူ ရယူရေးအိပ်မက်အတွက် လာမည့် စက်တင်ဘာ ၆ ရက်တွင် အာသာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ကွတ်သည် ၄င်း၏ ကမ္ဘာ့ချန်ပီယံ သရဖူရယူရေးအိပ်မက်ကို အမှန်တကယ်ဖြစ်လာစေရန် ဆုံးဖြတ်ထားသူ ဖြစ်သည်။ (အင်တာနက်)

ဘင့်တလေအားခေါ်ယူရေး အက်စ်တွန်ဗီလာက ကမ်းလှမ်းခဲ့

လန်ဒန် ဇူလိုင် ၁၆

ဘလက်ဘန်းကွင်းလယ်ကစားသမား ဒေးဗစ်ဘင့်တလေအား အက်စ်တွန်ဗီလာအသင်းမှခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း ဘလက်ဘန်းနည်းပြ ပေါလ်အင့်စ်က ဖွင့်ဟပြောကြားခဲ့သည်။

မိမိအနေဖြင့် ဘလက်ဘန်းအသင်းမှထွက်ခွာလိုကြောင်း၊ စပါးအသင်းကလည်း မိမိအားဆက်သွယ်မှုများပြုလုပ်ခဲ့ကြောင်း၊ နည်းပြပေါလ်အင့်စ်ပြောကြားခဲ့သော အက်စ်တွန်ဗီလာအသင်းသည်လည်း ချဉ်းကပ်သည့်အဆင့်မျှသာရှိသေးကြောင်း ဘင့်တလေက ဖွင့်ဟပြောကြားခဲ့သည်။

ဘင့်တလေနှင့် ဘလက်ဘန်းစာချုပ်သည် လက်ရှိ ၂၀၁၁ခုနှစ်တိုင်အောင် ချုပ်ဆိုထားသည်။ ဘလက်ဘန်း၏ ပရီမီယာလိဂ်ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းအနေဖြင့် ဘင့်တလေအားခေါ်ယူလိုလျှင် ပေါင် ၁၇ သန်းပေးရမည်ဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

လေဘေးသင့် ဧရာဝတီတိုင်း၏ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ သက်ဆိုင်ရာ ကျေးရွာများသို့ ထွက်ခွာသွားကြပြီ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) | ဓာတ်ပုံမှတ်တမ်း - ဇော်မင်းလတ် (သတင်းစဉ်) | စာမျက်နှာဖွဲ့ စည်းမှု - ထိန်လင်း

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ၏ စပါးကျီ ဧရာဝတီတိုင်းအတွင်း နာဂစ်မုန်တိုင်းသင့်ခဲ့သည်မှာ နှစ်လကျော်ခဲ့ချေပြီ။ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

မုန်တိုင်းသင့်ဒေသများ၏ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရမည်ဟူသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ ထွက်ခွာရန် အသင်းဝင်လူငယ်များ မော်တော်ယာဉ်များပေါ်သို့ တက်ရောက်ကြစဉ်။

အတူ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အားကြိုးမာန်တက် ကြိုးပမ်းအကောင်အထည်ဖော်နေသည်။

အလားတူ အမျိုးသားရေးအင်အားစုကြီး တစ်ရပ်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသည်လည်း ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွဖြင့်ဆက်လက်ပါဝင်ဆောင်ရွက်ရန် ဇူလိုင် ၁၂ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ သက်ဆိုင်ရာ လေဘေးသင့်ကျေးရွာများသို့ ထွက်ခွာသွားကြပြန်သည်။

မိမိတို့သတင်းအဖွဲ့ဝင်များ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်သို့ ရောက်သော် အသင့်ရပ်ထားသည့် မော်တော်ယာဉ်များပေါ်သို့ ပစ္စည်းများကို တင်ဆောင်လျက်ရှိကြသော အသင်းဝင်လူငယ်များအား တွေ့ရသည်။

ယခုသွားရောက်ခြင်းကား ဒုတိယအသုတ်ဖြစ်သည်။ ပထမအသုတ် အနေဖြင့် ဇွန် ၁၀ရက်က လေဘေးသင့် လပွတ္တာမြို့နယ်ရှိ လှိုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာနှင့် စလူဆိပ်ကျေးရွာ၊ ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်းကြီးနှင့် စက်ဆန်း ကျေးရွာတို့သို့ အခြေပြုသွားရောက်ကြ၍ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။

ယခု ဒုတိယအသုတ်တွင် အသင်းဝင်လူငယ်အင်အား ၃၂၉ ဦးပါဝင်ကြပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှအသင်းဝင်လူငယ် ၁၂ဦးစီ၊ မကွေးတိုင်းမှ အသင်းဝင်လူငယ် ၂၀၊ မန္တလေးတိုင်းမှ အသင်းဝင်လူငယ် ၂၃ဦး၊ ရန်ကုန်တိုင်းမှ အသင်းဝင်လူငယ် ၄၀နှင့် ဧရာဝတီတိုင်းမှ အသင်းဝင်လူငယ် ၇၂ဦးတို့ ပါဝင်ကြသည်။

အခြေပြု နေထိုင်ကြမည့် လေဘေးသင့် ဒေသများကား ဒေးဒရဲမြို့နယ်ရှိ တိုးကျေးရွာနှင့်ကျုံဒါးကျေးရွာ၊ ငပုတောမြို့နယ်ရှိ ပြင်ခရိုင်စခန်း အုတ်တွင်းကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ ပြင်စလူ၊ သဃ်န်းကြီး၊ စလူဆိပ်၊ တယ်ပင်ကိုင်းနှင့် ကွင်းပေါက်ကျေးရွာ၊ ဘိုကလေးမြို့နယ်ရှိ လှိုင်းဘုန်း၊ ကြိမ်ချောင်းကြီးနှင့် စက်ဆန်းကျေးရွာ၊ ဖျာပုံမြို့နယ်ရှိ ကဒုံကနီကျေးရွာတို့ဖြစ်ကြသည်။ ဆောင်ရွက်ကြမည့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းစဉ်များကား အိမ်၊ လမ်း၊ ကျောင်းများ ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မိသားစုစားဝတ်နေရေး ဘဝသက်မွေးမှုအဖြစ် ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် လက်မှုလုပ်ငန်းများတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားကျောင်းသူများအား စာပေသင်ကြား ပို့ချပေးခြင်း၊ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းများ အပါအဝင် ကဏ္ဍအလိုက်ဖြစ်ပေသည်။

အဆိုပါ အသင်းဝင်များ၏ သွားလာနေထိုင် စားသောက်ရေးအတွက် စရိတ်စကအဝဝကို လည်းကောင်း၊ အိုးခွက်ပန်းကန်များ၊ စားနပ်ရိက္ခာအပြည့်အစုံနှင့် နေထိုင်နိုင်ရေးအတွက် ရွက်ဖျင်တဲ အလုံအလောက်ကိုလည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများ

ပေးအပ်တဲ့ တာဝန်ကို အားလုံးက ကျေပွန်စွာ ထမ်းဆောင်ကြပါတယ်။

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဧရာဝတီတိုင်း အတွင်းရေးမှူး ဦးသန်းထွန်း)

ဖြစ်ကြသော ရှေးဦးသူနာပြုသေတ္တာ၊ငါးမန်းလွှ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဓား၊ တူ၊ တူရွင်း၊ ရိုက်သံမျိုးစုံ၊ သွပ်နန်းကြိုး၊ ပလာယာ၊ ပုံထောင်လှေနှင့် စခန်းသုံးအထောက်အကူပြုပစ္စည်းတို့ကိုလည်းကောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၏ ပံ့ပိုးမှုဖြင့် တစ်ပါတည်း ယူဆောင်သွားကြသည်။

ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းစဉ်များ၏ ကြီးမားနက်ရှိုင်းမှုနှင့်အတူ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်ကြသော အသင်းဝင် လူငယ်တို့သည်လည်း ပင်ပန်းမှု၊ နွမ်းနယ်မှု၊ ဆင်းရဲမှုတို့ကို မလွှဲမသွေ ကြုံတွေ့ရမည်မှာ ဧကန်ပင်။

သို့မို့ကြောင့်ပင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြရန် ပထမအသုတ် ထွက်ခွာခဲ့ကြသည့် ပြည်နယ်၊တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ဇွန်၉ရက်၌ တွေ့ဆုံ မှာကြားရာတွင် **“ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် ပြည်သူ့အကျိုးစီးပွားကို**

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ ဒုတိယအသုတ်အဖြစ် ထွက်ခွာသွားသည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ။

သယ်ပိုးရန်၊ပြည်သူလူထုအကျိုးကိုကာကွယ်စောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အသင်းကြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်အတူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် ပြည်သူများ၏ အခက်အခဲများကို လက်တွဲကူညီ ဖြေရှင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ခရီးစဉ် မထွက်ခွာမီ စားနပ်ရိက္ခာများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဤသို့ တင်ဆောင်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ သွားရောက်ရမည့် ဧရာဝတီတိုင်းဒေသများသည် ပင်လယ်ကမ်းခြေဒေသများဖြစ်၍ သွားလာရေးမှ အစ အခက်အခဲအချို့ ကြုံတွေ့နိုင်ကြောင်း၊ အသင်းဝင်များအနေနှင့် သူ့အလုပ်၊ ကိုယ့်အလုပ် မခွဲခြားဘဲ ဒေသခံပြည်သူများ၏ နေရေး၊ စားရေး၊ ကျန်းမာရေးကိစ္စများကို စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရပ်ရေး၊ ရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ရာ လူမှုရေးဆိုင်ရာ ရပ်ရေး၊ ရွာရေးများကို အသင်းဝင်များအနေဖြင့် အောင်မြင်အောင်၊ အသင်းကြီး၏ လူမှုရေးဆိုင်ရာ

ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်း စတဲ့ ကဏ္ဍအရပ်ရပ်မှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါတယ်။

အခြေခံမူနှင့်အညီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း” ဖြင့် မှာကြားခဲ့ပေသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး (လူငယ်ရေးရာတာဝန်ခံ) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၁၂ရက်က လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရန် ဒုတိယ အသုတ် ထွက်ခွာသွားကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် လေဘေးသင့်ဒေသများသို့ သွားရောက်ကြမည့် အသင်းဝင်လူငယ်များ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ဝင် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

“ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် ဌာနချုပ်အစီအစဉ်နဲ့ ပထမအသုတ်အဖြစ် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသ ခြောက်ခုကို အဖွဲ့ခြောက်ဖွဲ့နဲ့ သွားရောက်ခဲ့ပါတယ်။ အဓိက ကတော့ လေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ အသင်းဝင်တွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်ကြောင့် အသင်းကြီးကို ပြည်သူများ ပိုမိုအားကိုး လေးစားလာကြပါတယ်။ အသင်းဝင်အနေနဲ့လဲ ပြည်ထောင်စုစိတ်ဓာတ်နဲ့ မိမိတို့လူမျိုးတွေရဲ့ အမျိုးသားရေး အကျိုးစီးပွားအတွက် ကူညီဖို့ သွားကြတာဖြစ်တဲ့အတွက် အသင်းဝင်တွေအားလုံး တက်တက်ကြွကြွ ရှိကြပါတယ်။ ပေးအပ်တဲ့ တာဝန်တွေကို အားလုံးက ကျေပွန်စွာ ထမ်းဆောင်ကြပါတယ်။ ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအနေနဲ့လည်း အခက်အခဲမှန်သမျှကို ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်ဖြတ်ခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့လည်း ပထမအသုတ်မှာ အဖွဲ့အမှတ်(၆)နဲ့ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှာ တစ်လသွားရောက်နေထိုင်ပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ညစဉ်အစည်းအဝေးလုပ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဆွေးနွေးကြပါတယ်။ မနက်ပိုင်းမှာ တန်းစီပြီး လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို ချပြပါတယ်။ ကျွန်တော်တို့ နေထိုင်ခဲ့တဲ့ တစ်လအတွင်းမှာ တစ်ရက်မှ မနားခဲ့ပါဘူး။

အခု ဒုတိယအသုတ် သွားရောက်ရမယ့် ခရီးစဉ်အတွင်းမှာလဲ အခက်အခဲမရှိအောင် ကျွန်တော်တို့ ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်အဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အမျိုးသားရေးအင်အားစု အသင်းကြီးပီပီ နိုင်ငံအတွင်းမှာရှိကြတဲ့ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမတွေ အခက်အခဲဖြစ်တာကို ဝိုင်းဝန်းကူညီကြမယ့် စိတ်ဓာတ် အမြဲထားရှိကြပါတယ်။ ဒါကြောင့်လဲ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူတွေကို သွားရောက်ကူညီ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်”ဟူ၍ ပြောကြားသွားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ဌာနချုပ်ရုံးမှ ပြန်လည်ထွက်ခွာလာ ကြစဉ်မှာပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များသည်လည်း လေဘေးသင့် ဒေသများအတွင်း ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အရင်းခံ၍ အားကြိုးမာန်တက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် စတင် ခရီးထွက်ခွာ သွားကြပေပြီ။ ။

ခရီးစဉ်အတွင်း အသုံးပြုမည့် စားနပ်ရိက္ခာ၊ လုပ်ငန်းသုံး ပစ္စည်းများ။

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်၊ တိုင်းများမှ အသင်းဝင်လူငယ်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်၊တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက ကျင်းပသည်။

ဂုဏ်ပြုအမှာစကားပြော

ဂုဏ်ပြုပွဲအခမ်းအနားသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းများမှ အသင်းဝင် လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ဗဟိုအလုပ် အမှုဆောင်ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အသင်းဝင်များကိုယ်စား စစ်ကိုင်းတိုင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်အောင်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးတက်ရောက်လာသူများက ဂုဏ်ပြုညစာသုံးဆောင်ကြသည်။

ပါဝင်ကူညီဆောင်ရွက်

အဆိုပါ ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်လူငယ်များသည် အဖွဲ့ခြောက်ဖွဲ့ခွဲပြီး ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လှိုင်းဘုန်းကျေးရွာ၊ ပြင်စလူမြို့၊ ဆင်ခြေရာကျေးရွာ၊ စလူဆိပ်ကျေးရွာ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့တွင် အခြေပြု၍ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သတင်းများဝေဝေဆာဆာဖြင့် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊အမှတ်(၅)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၆

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ (၇)၊ အမှတ်(၅)ကို ယမန်နေ့က ဖြန့်ချိလိုက်ပြီဖြစ်ရာ အဆိုပါဂျာနယ်တွင် မော်ကွန်းစိုးမြင့်၏ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်သည် ၂၁ ရာစု၏ အဓိက မဟာပြဿနာဖြစ်လာ၊ သဘာဝဘေး အန္တရာယ်နှင့်ယှဉ်တွဲပြီး ဘယ်လိုရှင်သန်နေထိုင်မလဲ၊ စိုးသီဟစိုး၏ နာဂစ်မုန်တိုင်းသင့် ဧရာဝတီလမ်းကွန်ရက် တစ်ခေတ်ပြောင်းပြီ၊ စိန်ဝဇီရ၏ ဧရာဝတီတိုင်း လေဘေးသင့်ခုနစ်မြို့နယ် ရေလုပ်ငန်း ပြန်လည်နိုးထလာပြီ၊ သတင်းထောက်တစ်ဦး၏ လေဘေးသင့်ပြည်သူများ နေအိမ်အတွက် မပူနှင့်၊ အသင်းဝင်တစ်ဦး၏ စဉ်ဆက်မပြတ် ပြည်သူ့အကျိုး ထာဝရ သယ်ပိုးနေကြမည်သာ၊ မောင်ထူးအောင်၏ မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ရေး ဆက်လက်ကြိုးပမ်း၊ စိုင်းသိန်း(ကျိုင်းတုံ)၏ မြန်မာကိုကမ္ဘာကသိအောင်စွမ်းဆောင်ကြိုးစားခဲ့ကြသည့် စာပေပညာရှင်များအား နိဝါတမှ နမာမိဟုဆိုပါရစေ၊မောင်လှေလာ၏ နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု သုတေသန စာတမ်းများစသည့် သတင်းဆောင်းပါးကောင်းများအပြင် ပြည်တွင်း ပြည်ပ သတင်းများ စုံစုံလင်လင်၊ သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

ထုတ်ဝေ

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များ ဖြစ်ကြပြီး စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်၂၂၈ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော် မြောက်ဘက်ရင်ပြင် အာရုံခံတန်ဆောင်း တည်ဆောက်ရန် ဥက္ကလာပ စေတီတော် အမျိုးသမီးဓမ္မစကြာကော်မတီက အလှူငွေကျပ် တစ်သိန်းကို စေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်း၊ တွဲဖက် အတွင်းရေးမှူး ဦးကိုရည်နှင့် ဘဏ္ဍာရေးမှူး ဦးမြင့်သိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာဘရူဝါရီလီမိတက် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ ခုနှစ် ကရုဏာရေးရှုမြန်မာမှု နှစ်သစ်ကူးအထူးအစီအစဉ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ခန်းမ၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)၊ အထွေထွေမန်နေဂျာ Mr.Peter Ong နှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr.Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)နှင့် အထွေထွေမန်နေဂျာ Mr. Peter Ong နှင့် တာဝန်ရှိသူများက လူမှုရေးအဖွဲ့အစည်း ၁၄ ခုတို့အတွက် အလှူငွေကျပ်သိန်း ၂၈၀ ကို ပေးအပ်လှူဒါန်းရာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာဘရူဝါရီ လီမိတက်သည် ယခုနှစ် ကရုဏာရေးရှုမြန်မာမှု အထူးအစီအစဉ်အဖြစ် စုစုပေါင်းငွေကျပ်သိန်း ၅၀၀ ကျော် စုဆောင်းရရှိခဲ့သည့်အနက် ယနေ့ အခမ်းအနားတွင် လူမှုရေး အဖွဲ့အစည်း ၁၄ ခု တို့သို့ ငွေကျပ်သိန်း ၂၈၀ နှင့် ပထမအကြိမ် လှူဒါန်းငွေကျပ်သိန်း ၁၈၀ အပါအဝင် စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၆၀ လှူဒါန်းခဲ့ပြီး ငွေကျပ်သိန်း ၄၀ ကျော်ကို ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီလှူဒါန်းရေး ရန်ပုံငွေသို့ ထည့်ဝင်ခဲ့ကြောင်းသိရသည်။

အလားတူ မြန်မာဘရူဝါရီလီမိတက်သည် မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းများတွင် စုစုပေါင်း ငွေကျပ်သိန်း ၁၆၉၀ကျော်တန်ဖိုးရှိ အလှူငွေများနှင့် အလှူပစ္စည်းများကို လှူဒါန်းခဲ့ရာ၌ အကျိုးတူ ပူးပေါင်းထားသည့် ကုမ္ပဏီများအလှူငွေ ပေးအပ်ပွဲတွင် လေဘေးသင့်ပြည်သူများ အတွက် ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသို့ အလှူငွေကျပ်သိန်း ၁၀၀၀၊ လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရန်ပုံငွေရှာဖွေရေးဂီတပွဲတော်(မန္တလေး)အတွက် ငွေကျပ်သိန်း ၁၀၀ **(အပေါ်ပုံ)**နှင့် ရန်ပုံငွေရှာဖွေရေး ဂီတပွဲတော်(ရန်ကုန်)အတွက် ငွေကျပ်သိန်း ၂၀၀ တို့ကို လှူဒါန်းခဲ့ပြီး အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဖျာပုံမြို့တွင် ရေဂါလန်လီတာ ၁၀၀၀ ဆံ့ ရေကန် နှစ်ခုပါဝင်သည့် ရေသန့်စက်အပြင် လေဘေးသင့်ဧရာဝတီတိုင်းအတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်နှင့်ဒေးဒရဲမြို့များ၌ ရေသန့်စက်ကြီး သုံးလုံးကို ထပ်မံတပ်ဆင်လှူဒါန်းခြင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီတံတား(မကွေး)ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂) အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေတိုးလာပြီး ရေစီးနှုန်းများလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၈ ရက်မှစ၍ မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ် အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထား၍ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲခြင်း ဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

စမ်းချောင်းမြို့နယ် အတုလာ မိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား အဆင့်မြင့်မွမ်းမံရေး စီမံကိန်းသို့ ဂေါပကအဖွဲ့ဝင်ဟောင်း ဦးကျော်မြင့်နှင့် သားကြီး မောင်မောင်မြင့်တို့အားရည်စူး၍စမ်းချောင်းမြို့နယ်မြင့်မိုရ်လမ်းအမှတ်၂၀နေ ဒေါ်တင်စိန်နှင့် သားသမီး၊မြေးတစ်စုက အလှူငွေကျပ်သုံးသိန်းကို ဇူလိုင် ၁၁ ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်းနှင့် ဦးဘုန်းမြင့်တို့က လက်ခံယူစဉ်။ (၁၀၃)

ဆုချီးမြှင့်

ဇူလိုင် ၁၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မထက်ထက်အောင်အား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွှန့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)



ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှု မြှင့်တင်ရေးသိကောင်းစရာများ ပဲခူး၌ရှင်းလင်း

ပဲခူး ဇူလိုင် ၁၄

ပဲခူးတိုင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဇူလိုင်၃ရက် မွန်းလွဲ၁နာရီကကျင်းပရာ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးကော်မတီဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ တိုင်းသင်ကြားရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သင်ကြားရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အသိပညာပေးဆွေးနွေး

အဆိုပါ အသိပေးဆွေးနွေးပွဲနှင့် ဆရာဖြစ်သင်တန်းတွင် ကျန်းမာရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး(မိခင်နှင့်ကလေး) ဒေါက်တာ သိင်္ဂီမြင့်(ဝဲပုံ)၊ ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်း၊ ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ကျော်ဦးနှင့် သင်တန်းဆရာများက ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း လွှမ်းခြုံမှု မြှင့်တင်ရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးကြသည်။ အဆိုပါ ဆရာဖြစ် သင်တန်းကို ပဲခူးတိုင်း ကျန်းမာရေးဦးစီး ဌာနတွင် နှစ်ရက်ဖွင့်လှစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖခင်ကြီးဦးစိန်သောင်း(ကနောင်)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်တွင် လေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ဓာတ်တော်ကျောင်းဆောင် ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် နှစ်သိန်းကို မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း)ဆရာတော် ဦးဉာဏောဘာသထံ ရေစက်ချအနုမောဒနာ တရားနာကြား၍ ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တာချီလိတ်၌ကျင်းပ

တာချီလိတ် ဇူလိုင် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉နာရီက အောင်မြတ်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့်အဖွဲ့ဝင်များ၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ဗိုလ်မှူးကြီးမြင့်ဟန်က အမှာစကားပြောကြား၍ (ယာပုံ) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွေးက ဖတ်ကြားပြီး မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိ ရဲမှူးမြင့်ဦးက မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်းက ကုသကာကွယ်မူးယစ်အန္တရာယ်ကို လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစိုင်းကျော်ဇံက မူးယစ်ဆေးဝါးဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ဆုများချီးမြှင့်

ဆက်လက်ပြီး အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲဆုရရှိသူများအား ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တံတားပြုပြင်

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်း (ပြုပြင်မွမ်းမံ)ဖြင့် ဆောင်ရွက်သော ရွှေဝါထွန်းလမ်းကွန်ကရစ်တံတား ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ဇူလိုင် ၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူးဦးဌေးဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကိုကိုအောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ခြစည်းရိုးကြက်ဆူစိုက်ပျိုးမှုနှင့် ဇီဝဓာတ်ငွေ့ အစားထိုး လောင်စာဆီ အကျိုးသက်ရောက်မှု ပညာပေးဟောပြော

သပိတ်ကျင်း ဇူလိုင် ၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်စီစဉ်မှုဖြင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုနှင့် ဇီဝဓာတ်ငွေ့ အစားထိုးလောင်စာဆီ အကျိုးသက်ရောက်မှု လူထုပညာပေးဟောပြောပွဲကို ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းအောင်နှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆွေးနွေး

အဆိုပါ စာပေ ဟောပြောပွဲတွင် ဒါရိုက်တာ ဇွန်မောင်မောင်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊စာရေးဆရာကြီး အဏ္ဏဝါစိုးမိုးက စာပေရေးရာ အကြောင်းများကိုလည်းကောင်း၊ စာဆိုတေးရှင် ဂီတာဝင်းဖေက ဂီတအနုပညာနှင့် ဆက်နွယ်သော စာပေရသ၊ ဂီတအကြောင်းများကိုလည်းကောင်း ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သန့်ရှင်းရေးဆောင်ရွက်

ကော့သောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက်အေးမြကန်သာရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံရှေ့၌ ဇွန် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး ဦးကျော်စိုးအောင်နှင့်အဖွဲ့ ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

တောင်ငူ ဇူလိုင် ၁၄

တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အခြေခံ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲအခမ်းအနားကို ဇွန်၂၂ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၂ဦး တက်ရောက်ကြပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်စိုးကပေးအပ်သည်။

အဆိုပါ သင်တန်းတွင် တောင်ငူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်စိုးလင်းက စာကြည့်တိုက်တွင်ထားရှိရမည့် စာရင်းဇယားရေးသွင်းနည်းများ၊ စာအုပ်များကို မျိုးတူစုခွဲခြားနည်းနှင့် သုတ၊ ရသစာအုပ်များ ပညာရပ်အလိုက်ခွဲခြားနည်းများကို လက်တွေ့ပြသပေးပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး ပတ်လည်ရှိ ရေမြောင်းများ မိုးရာသီ ရေစီး ရေလာ ကောင်းမွန်စေရန် ဈေးတာဝန်ခံမှ အဖွဲ့ ဝန်ထမ်းများ ဦးဆောင်၍ ဇွန် ၂၅ ရက်က တူးဖော်ဆယ်ယူ နေမှုကို အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းသန့်တို့ ကြီးကြပ်ပေးစဉ်။

(၃၁၆)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပင်လောင်း၌ကျင်းပ

ပင်လောင်း ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ပင်လောင်းမြို့ အလကကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်တင်မြင့်က မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဇော်လင်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က မူးယစ်ဆေးအလွဲသုံးမှုနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးမှုကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးတင့်နိုင်က မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုဆိုင်ရာ ဥပဒေများ အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဆုပေးအပ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဇော်လင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်မြင့်တို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သာပေါင်းမြို့၌ ထူးချွန်ကျောင်းသားများအား ပညာရည်ချွန်ဆုချီးမြှင့်

သာပေါင်း ဇူလိုင် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် သာပေါင်းမြို့နယ်အတွင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၅ရက် နံနက်၇နာရီခွဲက သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က အမှာစကားပြောကြားသည်။(**ယာပုံ**)

ဆုချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၏ကိုယ်စား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၃၁ဦးကို ထူးချွန်အောင် ပညာသင်ပေးသည့် ဆရာဆရာမ ၁၃ဦးကိုယ်စား မြို့နယ်ပညာရေးမှူးအားလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဆုရ နဝမတန်း ကျောင်းသားကျောင်းသူ ကိုးဦးအားလည်းကောင်း၊ အထွေထွေမန်နေဂျာများနှင့် စက်ရုံမှူးများ၊ မြို့နယ်ပညာရေးမှူး ထောပလော့ဖော၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဂုဏ်ပြုလွှာပေး

ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉ဦး၊ သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ၁၈၇ဦး၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်းစဉ်အလိုက် ပထမရရှိသူ ခုနစ်ဦး၊ ပုသိမ်မှန်စက်ရုံရှိ သူငယ်တန်းမှ နဝမတန်းအထိ တန်းစဉ်အလိုက် ပထမရရှိသူ ၁၂ဦးတို့ကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရှမ်းချောင်း-ရွှေဒူးကျေးလက် ကျောက်ချောလမ်းဘေး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဇွန်၂၄ရက်က စက်ယန္တရားဖြင့် ရေနုတ်မြောင်းတူးဖော်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ခြံစည်းရိုးကြက်ဆူပင်နှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

ကျောက်ပန်းတောင်း ဇူလိုင် ၁၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် မြို့နယ်ပညာရေးမှူး ဒေါ်အကြူက မြန်မာအမျိုးသမီးများနှင့် ပညာရေးကဏ္ဍအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဖွဲ့အတွင်းရေးမှူး ဒေါ်မေရီက အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် အမျိုးသမီးရေးရာစေတနာ့ဝန်ထမ်းကျောင်းမှတက္ကသိုလ်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသူ မဇာဝင်းအေးအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်သည်။(**ယာပုံ**)

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၂ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ အင်အား၁၁၈၀ဖြင့် ခြံစည်းရိုးကြက်ဆူပင်နှင့် အရိပ်ရပျိုးပင်ပေါင်း၄၅၀၀ကို မြို့ဦးစေတီပရိဝုဏ်နှင့် မြို့နယ်ပြည်သူ့ဆေးရုံရှေ့တွင် စိုက်ပျိုးကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ အဆင့်မြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

ဟားခါး ဇူလိုင် ၁၁

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန်၂၉ရက် နံနက်၉နာရီက ဟားခါးမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်က ချင်းပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက ဆောင်ရွက်လျက်ရှိသည့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ခေတ္တညွှန်ကြားရေးမှူးက မြို့နယ်များ၏ တင်ပြချက်နှင့်ပတ်သက်၍ ညှိနှိုင်းဖြည့်ဆည်းပေးသည်။**(ပြည်နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရမ်းပြဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးရေး တာဝန်ပေး

ရမ်းပြဲ ဇူလိုင် ၅

ရမ်းပြဲမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို မေ၃၀ရက် မွန်းတည့်၁၂နာရီက မြို့နယ်ရုံး ဘုရင့်နောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက မိုးစပါး၊ မိုးသီးနှံ စိုက်ပျိုးရေး စီမံကိန်းရည်မှန်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုများကိုယ်စား လက်ပန်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်ထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၁၇၄)

ဘားအံမြို့တွင် လမ်းပေါက်များ မရှိစေရေးအတွက် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ရှေ့ (BOC) ကွေ့ လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို ဇူလိုင်၅ရက်က ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဌေးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကျောက်တံခါး ဇူလိုင် ၁၂

ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ရှစ်လမ်းသွား အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၅/၃တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၉ရက်က ကျင်းပရာ ပွဲတော်သို့ ကျောက်တံခါးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ NGO များ၊ ဖဒိကျေးရွာအုပ်စုရှိ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ ၃၅၀တို့ တက်ရောက်၍ စုပေါင်းစိုက်ပျိုးကြသည်။ အဆိုပါစိုက်ပျိုးရာတွင် ကျွန်းပင် ၁၀၀၀၊ ခရေ ၂၅ပင်နှင့် ကံ့ကော်၂၅ပင် စိုက်ပျိုးခဲ့ကြသည်။

(ဓဇေ)

ဝက်လက်မြို့၌ တံတားပြုပြင်

ဝက်လက် ဇူလိုင် ၄

ဝက်လက်မြို့ အမှတ် ၁ရပ်ကွက် အထကကျောင်းလမ်းထိပ် တံတားပြုပြင်နေမှုကို ဇွန်၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး ကွင်းဆင်းကြပ်မတ်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း မင်းလှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

မင်းလှ ဇူလိုင် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၉ရက် ညနေ၄နာရီက မြို့နယ်စည်းရုံးရေးကော်မတီရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(ငြိမ်း)က ပညာသင်စရိတ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပညာသင်စရိတ်ငွေကျပ် ၈၇၄၀၀၀ ကို ခရိုင်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးတင်မောင်ငြိမ်း (ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။(**ဝဲပုံ**) **(မြို့နယ် ပြန်/ဆက်)**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(ဂ)မှမအီနွဲ့၏ဖခင်အမည်မှန်မှာ ဦးယုသန် ၁၃/ကတန (နိုင်)၀၄၆၅၇၉ ဖြစ်ပါကြောင်း။ **ဦးယုသန်။**

အမည်ပြောင်း

အဖ ဦးအောင်ဝင်းဦး၏ သား ကျိုင်းတုံမြို့ အထက(၂)ဆဋ္ဌမတန်း (B)မှ မောင်ထွန်းအောင် သူအား မောင်ဟိန်းထက်စံဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်စံ။**

မိုးရာသီရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ။ တက္ကသိုလ်ရေကူးကန် (အင်းလျားလမ်း)
၀၉-၅၀၀၈၃၅၅၊ ၅၂၅၈၉၁ (ရုံးချိန်)



TEST
Electronic Training

အီလက်ထရွန်နစ် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများ သာလာခဲ့ပါ။ **ဖုန်း-၀၉-၅၀-၄၆၅၂၂။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၇၈၉၁ Hensim-110ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလှိုင် မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၀၆၆၆၅၉ က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ တိုင်းရုံး(မကွေး)။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမည်မှန် အဖဦးအောင်ရှိန်၏သား ကျိုင်းတုံမြို့ အထက(၃) ပဉ္စမတန်း(က)မှ စိုင်းဟွမ်၏ အမည်မှန်မှာ စိုင်းရှိန်ဟိန်း ဖြစ်ပါကြောင်း။ **စိုင်းရှိန်ဟိန်း။**

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်နယ်တရားမရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၀နှင့် ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၂

မန်နေဂျာ **နှင့်** ၁။ ဦးစိုင်းခွန်လွန်း
မြန်မာ့စီးပွားရေးဘဏ်၊ ပင်လောင်းမြို့ ၂။ ဒေါ်နန်းသန်းတင်
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးစိုင်းခွန်လွန်း၊ ဒေါ်နန်းသန်းတင် ဘုရားကြီးရပ် ပင်လောင်းမြို့နေသူ သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၄၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ခုနှစ် ဇူလိုင် ၃၁ရက်(၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီ အချိန်တွင် ရုံးတော်ရှေ့လာရောက်စေ။

၂၀၀၈ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး။

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်နယ်တရားမရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၁နှင့် ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၃

မန်နေဂျာ **နှင့်** ၁။ ဦးကျော်စိုးတင့်
မြန်မာ့စီးပွားရေးဘဏ်၊ ပင်လောင်းမြို့။ ၂။ ဒေါ်ခင်သီတာစိန်
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးကျော်တင့်၊ ဒေါ်ခင်သီတာစိန် ရုံးဝန်းရပ် ပင်လောင်းမြို့နေသူသိစေရမည်။

၂၀၀၇ခုနှစ်တရားမကြီးမှုအမှတ်-၄၁တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ရုံးတော်ရှေ့လာရောက်စေ။

၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး။

ပိုင်ရှင်ကိုယ်တိုင်လျှော့ရောင်းမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝိစာရ လမ်းမကြီးပေါ်တွင် စက်မှုလုပ်ငန်းသင်တန်းကျောင်း ကုန်ပစ္စည်းများထားရန် သင့်လျော်သော (၆၀×၁၀၀)ပေ ဂရန်မြေကွက်ပေါ်တွင် (၃၅×၅၆)ပေရှိသော RC နှစ်ထပ်တိုက်ကို လျှော့ဈေးဖြင့် ရောင်းမည်။ ကျပ်သိန်း-၁၃၀၀။

ဖုန်း-၇၀၃၄၁၅၊ ၀၉-၅၀-၂၇၃၇၈။

ပစ္စည်းများဈေးကောင်းပေးဝယ်သည်

TVအောက်စက်၊ ကွန်ပျူတာအဟောင်းမှ ဆားကတ်ပြားမျိုးစုံကို ဈေးကောင်းပေးဝယ်သည်။

ရောင်းသည်။

ပလတ်စတစ်-ရေသန့်ဘူး၊ အချိုရည်ဘူးခွဲဆိုက်မျိုးစုံတို့ကို မှာယူနိုင်ပါသည်။

ဖုန်း-၅၉၀၁၈၄၊ ၆၆၀၇၆၅၊ ၆၆၀၁၅၄၊ ၀၉-၅၀-၁၀၀၃၆။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်ရှိတိုက်ခန်းအားလက်ရှိအမည်ပေါက်ထံမှတစ်ဆင့်အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်သန်းသန်းမော် ၁၂/ဗဟန(နိုင်)၀၃၀၃၂၅	ဦးအောင်ကိုလတ် ၁၂/အစန(နိုင်)၁၆၈၁၈၆	တိုက်(၂၁)၊ အခန်း(၁၉)၊ ပြည်ရိပ်မွန်
၂။	ဦးကျော်ငြိမ်း ၁၂/ကမရ(နိုင်)၀၄၁၉၆၉	ဒေါ်ယဉ်လှ ၁၂/ကမရ(နိုင်)၀၄၁၅၁၆	တိုက်(၁၅)၊ အခန်း(၆) ပြည်ရိပ်မွန်

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်နယ်တရားမရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၂နှင့် ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၄

မန်နေဂျာ **နှင့်** ၁။ ဦးမောင်ငယ်
မြန်မာ့စီးပွားရေးဘဏ်၊ ပင်လောင်းမြို့။
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမောင်ငယ်၊ ဘုရားကြီးရပ် ပင်လောင်းမြို့နေသူသိစေရမည်။

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၂တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီ အချိန်တွင် ရုံးတော်ရှေ့လာရောက်စေ။

၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး။

တရားရုံးချုပ်ရှေ့နေ ဒေါ်ငွေငွေမှ ကိုကျော်အောင်(ခ)ကိုစစ်ဗိုလ် ၁၀/ပထန(နိုင်)၀၁၁၄၅၆နှင့် အများသိစေရန် ၁၂-၇-၂၀၀၈ ရက် မြန်မာ့အလင်းသတင်းစာ ကြော်ငြာချက်အပေါ် ကိုအောင်ရာဇာဝင်း(ခ)ရာဇာ(Bio Green)၁၂/လမန(နိုင်)၁၃၂၄၄၀နှင့်

အများသိစေရန် တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ မင်းလမ်း အမှတ်(၇၃)နေ ကိုကျော်အောင်(ခ)ကိုစစ်ဗိုလ်၏ညွှန်ကြားချက်အရ တုံ့ပြန်ကြေညာအပ်ပါသည်။

"ကမ္ဘာသစ် စိုက်ပျိုးရေးဆေးဆိုင်" ဟူသော အမည်မှာ ကိုကျော်အောင်(ခ) ကိုစစ်ဗိုလ် ဖုန်း-၀၅၇-၆၉၂၀၃ တစ်ဦးတည်းအမည်ဖြင့် သထုံမြို့နယ် စိုက်ပျိုးရေးမန်နေဂျာရုံးတွင် တင်ပြလျှောက်ထား၍ စိုက်ပျိုးရေး မြေသြဇာနှင့် စိုက်ပျိုးရေးဆေးဝါး ရောင်းချနေခြင်းဖြစ်ပြီး ကိုအောင်ရာဇာဝင်း(ခ)ကိုရာဇာနှင့် တစ်စုံတစ်ရာ ပက်သတ်ခြင်းမရှိကြောင်း၊ ကျွန်ုပ်၏ မိတ်ဆွေအပေါ် အများအထင်လွဲစေရန် ကိုအောင်ရာဇာဝင်း(ခ)ကိုရာဇာ၏ ညွှန်ကြားချက်ဖြင့် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာချက်အား အမြန်ဆုံးတရားဝင် ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကိုကျော်အောင်(ခ)ကိုစစ်ဗိုလ် ကျေနပ်သည့်အထိ ဆောင်ရွက်ခြင်းမပြုပါက ကိုအောင်ရာဇာဝင်း (ခ)ကိုရာဇာအပေါ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မြင့်(တရားရုံးချုပ်ရှေ့နေ-စဉ်-၄၉၅၀)
ရုံးခန်းအမှတ် ၄၊
မြို့နယ်တရားရုံးအနီး သုမနလမ်း၊
၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၄၆၈-၀၉-၅၁-၈၈၇၉၅။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၅၄(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးကျော်မျိုးထွန်း
ဝမ်းတွင်းမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၁၇၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၉ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ် ၁ရပ်ကွက် ပျော်ဘွယ်ရွာမကွင်း ၁၅၈၂/၂၁၀၉၊ ဦးပိုင် ၃၄/၃၅၊ မြေကွက် ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁နှင့် ၁၅၅၊ ၁၅၆၊ ၁၅၇၊ ဧရိယာ ၄၃သမ၁၄ ဧကရှိ မြေ၊ ၄င်းမြေပေါ်ရှိနှစ်ထပ်တိုက်၊ သွပ်မိုးထရံကာ ကွန်ကရစ်ခင်း မန်နေဂျာအိမ်၊ သွပ်မိုးထရံကာ သမံတလင်းခင်းအမျိုးသမီးနားနေဆောင်၊ သွပ်မိုးအုတ်ကာလျှာထိုးခင်း အောက်ကွန်ကရစ်ခင်း နှစ်ထပ်တိုက်၊ ဝါးကပ်မိုးထရံကာ ကွန်ကရစ်ခင်းအလုပ်သမားနားနေခန်း၊ သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်း စက်ရုံမကြီး၊ သွပ်မိုးထရံကာ ကွန်ကရစ်ခင်းလက်ရက်ကန်းစက်ရုံတစ်ရုံ၊ သွပ်မိုး ထရံကာကွန်ကရစ်ခင်းလက်ရက်ကန်းစက်ရုံလေးရုံ၊ သွပ်မိုး၊ အုတ်ကာကွန်ကရစ်ခင်း အရာရှိ ရုံးခန်းနှင့် အထည်သန့်စင်ခန်းနှစ်ထပ်တိုက်၊ သွပ်မိုးအုတ်ကာကွန်ကရစ်ခင်း မျိုးမျိုးအထည်အရောင်းဆိုင်၊ သွပ်မိုးကွန်ကရစ်ခင်းစားသောက်ဆိုင်၊ ကွန်ကရစ် ရေစင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဝင်း
တိုင်းတရားသူကြီး။

ရေပေးရေးဆောင်ရွက်

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးခိုင်ဇော်မျိုးတို့ ဇွန်၃ရက်က မြို့ရေပေးရေးဆောင်ရွက်နိုင်ရန် မြို့မကွက်သစ် ရေစင်တွင် တည်ဆောက်လျက်ရှိသော ရေဂါလန်၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင် တည်ဆောက်ခြင်းနှင့် ၂၇ပေအမြင့်ရှိသော ကွန်ကရစ်ရေစင်တည်ဆောက်နေမှုကို ကွင်းဆင်းဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အရိပ်ရပင်ပုံဖော်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပုံဖော်ဆောင်ရွက်ခြင်းကိုဇွန်၁ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေး ကြီးကြပ်ဆောင်ရွက် ပေးစဉ်။
(မြို့နယ်စည်ပင်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲ ပခုက္ကူ၊ချည်မျှင်/အထည်စက်ရုံတွင် ကျင်းပ

ပခုက္ကူ ဇူလိုင် ၁၀

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဧကာဒသမအကြိမ် ဝန်ထမ်းသား၊ သမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက ပခုက္ကူမြို့ ချည်မျှင်နှင့်အထည်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ပညာရည်ထူးချွန်မှုဆုများပေးအပ်ရာ ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ)၊ ဆားလင်းကြီး၊ ပွင့်ဖြူ၊ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်စက်ရုံ(ချောက်)၊ ဆေးဆိုးပန်းရိုက်စက်ရုံ (ပခုက္ကူ)နှင့် ဝါကြိတ်စက်ရုံ(စလင်း)မှ ဆုရကျောင်းသူ ကျောင်းသား ၃၀ ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စားစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။
(ယာပုံ) (၀၇၀)

ပန်းခုံအတွင်း ပန်းအလှပင်များ ထည့်သွင်းစိုက်ပျိုး

ကွမ်းလုံ ဇူလိုင် ၅

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး လုပ်ငန်းဖြစ်သည့် မြို့တွင်းဗိုလ်ချုပ်လမ်းမကြီး လမ်းဘေးဝဲယာ ပန်းအလှခုံများတည်ဆောက်ခြင်း၊ ပန်းခုံအတွင်း ပန်းအလှပင်များ ထည့်သွင်းစိုက်ပျိုးခြင်း လုပ်ငန်းကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးမျိုးဇော်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း **သတင်းဆောင်းပါးအညွှန်း**

လေဘေးသင့် ဧရာဝတီတိုင်း၏
ပြန်လည်ထူထောင်တည်ဆောက်ရေး
လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ
သက်ဆိုင်ရာ ကျေးရွာများသို့ ထွက်ခွာသွားကြပြီ

မောင်မောင်ထွေး(သတင်းစဉ်)၏ ဆောင်းပါး စာ- ၁၂ တွင်ဖတ်ရှုနိုင်ပါသည်။